# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် လည်းကောင်း မတ်လ ၃ ရက်နေ့မှ ၉ ရက်နေ့အထိ သွားရောက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၉ ရက်နေ့ ဒေသစံတော်ချိန်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရှဲဗာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အပြည့်အစုံမှာ ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကိုသွားမှာ နံပါတ်တစ်အချက်ပေါ့။ ကျွန်တော်တို့က လွတ်လပ်ရေးရပြီးတာ (၇၇) နှစ်တာကြာခဲ့ပြီ။ ကျွန်တော်တို့မှာ ပဋိပက္ခပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ တကယ်တော့ ကျွန်တော်တို့မှာရှိတဲ့ လူသားအပါအဝင် သယံဇာတ အရင်းအမြစ်တွေများစွာရှိတယ်။ ဒါတွေကို အသုံးချမယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်က မုချတိုးတက်တဲ့တိုင်းပြည်တစ်ခုဖြစ်ရမယ်။ ဒီအတွက် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှု အလားအလာကိုရှာတဲ့အခါမှာ ရုရှားနိုင်ငံဟာ ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ကျွန်တော်တို့မြင်တာပေါ့။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ် စ ရာ


USAID ဘာလဲ... ဘယ်လဲ — ဆောင်းပါး — စာ ၁၀

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမနှစ်လအတွင်း ကော်ဖီတင်ပို့မှုမြင့်တက်ပြီး ဝင်ငွေ ကန်ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံရရှိ — နိုင်ငံတကာသတင်း — စာ ၁၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနေစဉ်ကာလအတွင်း YBS ယာဉ်အစီးရေများ တိုးမြှင့်ပြေးဆွဲပေးသွားမည် — ပြည်တွင်းသတင်း — စာ ၁၇





တစ်သားတည်းပင် ကြားမထင်ဘဲ — ဆောင်းပါး — စာ ၆

## တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦးရှိသည့်အနက် အမျိုးသမီးဦးရေသည် ၁၇၀၈၆၁၈၂ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ရာ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည်။ ကမ္ဘာပေါ်တွင်လည်း ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်သည်။ အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်ကြစေရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထားအကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်၍ "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" ကို နှစ်စဉ် မတ်လ ၈ ရက်တွင် ကျင်းပရန် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို "တန်းတူအခွင့်အရေးရရှိဖို့၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့ရာတွင် အမျိုးသမီး ကြီးငယ်များအားလုံးအတွက် အခွင့်အရေးများ တန်းတူညီမျှရရှိရေး၊ စွမ်းဆောင်မှုနှင့် အခွင့်အလမ်းများအတွက် တားဆီးပိတ်ဆို့နေမှုများကို ဖယ်ရှားသွားနိုင်ရန်နှင့် မည်သူမျှနောက်ကျကျန်မနေရစ်စေရန်အတွက် နှိုးဆော်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီးများသည် မိသားစုနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်း၌ရော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ပါ အမျိုးသားများနှင့် တန်းတူ ဆောင်ရွက်နိုင်ကြသူများဖြစ်ရာ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိနေသည့် အမျိုးသမီးများ၏ အင်အားနှင့် စွမ်းရည်တို့ကို နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်နိုင်စေခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းနိုင်စေမည်ဖြစ်သည်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ အင်အားကို ရယူရာ၌ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်မားစေရန် မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၏ အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ကြရန်လိုသည်။ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားရေးတွင် အခြေခံအားဖြင့် စာတတ်မြောက်မှုနှုန်းကို ပိုမိုမြင့်မားလာစေရန် မြှင့်တင်ရမည်ဖြစ်သည်။ အာဆီယံဒေသတွင်း အမျိုးသမီး စာတတ်မြောက်နှုန်းသည် ၂၀၂၃ ခုနှစ်တွင် ၉၅ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် ၈၅ ရာခိုင်နှုန်းဖြစ်ရာ ဆက်လက်မြှင့်တင်သွားရန်လိုသည်။ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အတန်းပညာ သင်ယူနိုင်ခြင်းမရှိသည့် အမျိုးသမီးငယ်များ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရေးတို့ ဆောင်ရွက်ပေးရမည်လည်းဖြစ်သည်။ အမျိုးသမီးများ ကိုယ်ပိုင်စီးပွားရေးကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ခြင်းမှစ၍ အမျိုးသမီးများ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပါအဝင် နယ်ပယ်စုံကဏ္ဍများစွာတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာလျက်ရှိသည်။ အစိုးရဌာနဆိုင်ရာများ၌ အမျိုးသမီးများ တာဝန်ထမ်းဆောင်ကြရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ ညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်တွင် ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်တွင် ၅၇ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ သို့ဖြစ်ရာ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ကျား၊ မရေးရာ တန်းတူညီမျှမှုတို့၏ အခြေအနေကောင်းမွန် မြင့်မားမှုကို တွေ့ရှိနိုင်သည်။ အမျိုးသမီးများ အကြမ်းဖက်မှု ကြုံတွေ့ပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" ကို ဖွင့်ထားပေးပြီး လူမှုရေးလိုအပ်ချက်များကို ဝန်ဆောင်ပေးလျက်ရှိသည်။

၁၇ သန်းကျော်ရှိသော မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြင့်မားအောင်မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ စွမ်းပကားဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရရှိရန်လည်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး၊ ဘက်စုံကဏ္ဍစုံ စွမ်းရည်ပြည့်ဝရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းများ၊ ပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်း၌ ထွန်းတံတားသစ်ဖွင့်

လပွတ္တာ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်း၌ ယမန်နေ့က ထွန်းတံတားသစ်ဖွင့်ပွဲ ကျင်းပခဲ့သည်။

တံတားသစ်ဖွင့်ပွဲ အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားပြီး အထက (၁) နှင့် အထက (၃) ကျောင်းမှ ဘင်ခရာအဖွဲ့များက သရုပ်ပြတီးခတ်ကာ တံတားသစ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အလှူရှင်များက ဘင်ခရာအဖွဲ့များအား ဆုများချီးမြှင့်ပြီး တံတားသစ်မော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြောင်း သိရသည်။ (အပေါ်ပုံ)



ဟိန်းထက်လင်း(မြန်/ဆက်)

## ကလောမြို့နယ်၌ နွေရာသီအားကစားသင်တန်းများဖွင့်

ကလော မတ် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီ အားကစားသင်တန်းကို မတ် ၁၀ ရက်က ကလောမြို့ အားကစားခန်းမ၌ ဖွင့်လှစ်ရာ ကလောခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းအတွက် ချီးမြှင့်ငွေနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် သင်ကြားမည့်နည်းပြများက သရုပ်ပြသတင်ဆက်ခဲ့ကြသည်။ နွေရာသီ အခြေခံ အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ကရာတေး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ အေရိုးဗစ် သင်တန်းများဖြစ်ကြောင်း၊ နွေရာသီ အခြေခံအားကစားနည်းသင်တန်းကို မတ် ၁၀ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မြို့နယ် (မြန်/ဆက်)

**၁၀ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၄၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ **မြန်မာနိုင်ငံလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံ မရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကို ဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ်၊ ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီး တစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဟာ တကယ်ကိုလက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန် ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေ မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲပြောဖို့ ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်း ဖြစ်ချင်တာပဲ။**

❐ *ရှေ့ဖုံးမှ*

ရုရှားနိုင်ငံတင်မကပါဘူး။ နိုင်ငံတွေများစွာရှိပါတယ်။ သို့သော်လည်းပဲ အလျင်မြန်ဆုံး ဆောင်ရွက်ပေးနိုင်မယ့်နိုင်ငံက ရုရှားနိုင်ငံဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံကို ကျွန်တော်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးအရ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြည်သူတွေတောင်းဆိုတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားဖို့အတွက် ကျွန်တော်တို့က ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကို ကျွန်တော်တို့က အကောင်အထည်ဖော်နိုင်ဖို့အတွက် တစ်ဖက်က ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ရမှာပေ့ါ။ တစ်ဖက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်လည်း ကျွန်တော်တို့ လုပ်ရမှာပေ့ါ။ ဒါကြောင့် ရုရှားသမ္မတကြီးကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ရုရှားဘက်က ကူညီမယ်လို့ သူပဲပြောတယ်။ သို့ပေမယ့်လည်း ဘယ်လာရုစ်သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko ကလည်း ကျွန်တော်တို့မြန်မာနိုင်ငံအတွက် အစစအရာရာ ပူးပေါင်းဆောင်ရွက်ပေးမယ်၊ ကူညီပေးမယ်လို့ပြောတယ်။ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်သလို တိုင်းပြည်အတွက်လည်း အားတစ်ခု ကျွန်တော်တို့ရမှာပါ။ ကျွန်တော်တို့နိုင်ငံက ပထဝီအနေအထားအရ ကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာရှိတယ်။ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံမှာ အနောက်ဘက်အကျဆုံး နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အနောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်လောက်ရှိတဲ့ အိန္ဒိယနိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အရှေ့မြောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁၄၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံရှိတယ်။ ဒီသုံးမျိုးပေါင်းလိုက်လို့ရှိရင် ၄ ဘီလီယံနီးပါးလောက်လူဦးရေရှိတယ်။ အဲဒီတော့ သွားမယ့်နေရာ ဆုံချက်ကိုကြည့်မယ်ဆိုရင် တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကို ရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကို ရောက်သွားမယ်။ အရှေ့တောင်ဘက်ကိုသွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေ အကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံ မရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကို ဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ်၊ ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဟာ တကယ်ကို လက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန် ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေမပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲပြောဖို့ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်း ဖြစ်ချင်တာတွေ အများကြီးရှိတာပဲ။ ဒါပေမယ့် ကျွန်တော်ဖြစ်ချင်တာ ဖြစ်ချင်မှလည်းဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော်တတ်နိုင်သမျှလုပ်ပေးပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းတွေကို မလွှတ်ဘူး။ အနာဂတ်အတွက် သိပ္ပံနဲ့နည်းပညာကို ကျွန်တော်မလွှတ်ဘူး။ သူတို့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အခြေခံတဲ့ စက်မှုလုပ်ငန်းတွေက အများကြီးကောင်းတယ်။ သိပ္ပံနည်းပညာမှာလည်း အများကြီးကောင်းတယ်။ သူတို့က အနိမ့်တစ်ခုနဲ့ အမြင့်တစ်ခုအားလုံးကို အတူတူပေါင်းစပ်ပေးနိုင်တဲ့ အနေအထားရှိတယ်။ အဲဒါက ကျွန်တော်တို့အတွက် လိုအပ်ချက်ပဲ။ ဒါကြောင့် ကျွန်တော်ပြောရဲပါတယ်။ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့တိုင်းပြည်အတွက် အကျိုးအမြတ် မုချရှိမယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစား



**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက် တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

### သစ္စာစောင့်သိရိုသေ

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန်ဖြစ်ကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့်ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များကို သတ္တိရှိရှိ တာဝန်ထမ်းဆောင်ရန်မှာကြားလိုကြောင်း၊ ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို သိရှိထားရန်လိုအပ်ကြောင်း၊ သံတမန်ကျင့်ဝတ်နှင့်အညီ နေထိုင်ပြီး ပေးအပ်သည့်တာဝန်များကို စိတ်ရင်းစေတနာထား၍ မျှော်မှန်းချက်ရှိရှိ ဆောင်ရွက်ရန်လိုပါကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့် အပြုအမူများ၊ ကြိုးစားအားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန်လိုအပ်ပြီး သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

သံတမန်ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို အကျိုးစီးပွားဖြစ်ထွန်းအောင်လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နမူနာယူ၍ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Communication Skill ၊ Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း။

### အပြန်အလှန်အထောက်အကူပြုရမည်

သံတမန်တစ်ဦးဖြစ်သည့်အတွက် Capacity Building ကို အစဉ်အမြဲမြှင့်တင်နေရန်လိုအပ်ပြီး သားသမီးများ၏ ပညာရေးကိုလည်း အားပေးရန် မှာကြားလိုကြောင်း၊ ယနေ့ခေတ် တိုးတက်လာသည့် နည်းပညာရပ်များကို လေ့လာသင်ယူပြီး ထိရောက်စွာ အသုံးချတတ်ရန်လိုအပ်ကြောင်း၊ မိမိနိုင်ငံကို အကောင်းဆုံးကိုယ်စားပြု (Represent) လုပ်နိုင်သူဖြစ်ရန် ကြိုးစားတာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန်အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သံတမန်တစ်ဦးအနေဖြင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက်ကျွမ်းကျင်ရန် ကြိုးစားလေ့လာသင်ယူစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## မြန်မာ - တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး ရေးရှုကာ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် တိုးမြင့်လာလျက်ရှိသည့် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံ ရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

လူငယ်ကဏ္ဍ

**မေး။** ။ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်ကိုသွားတဲ့ ချစ်ကြည်ရေးခရီးစဉ်သတင်းထုတ်လွှင့်မှုတွေကို မီဒီယာအမြောက်အမြားမှာ တွေ့ရပါတယ်။ အဲဒီနေရာမှာ ကျွန်တော် သတိထားမိတာက အဲဒီနိုင်ငံရဲ့ ပြည်နယ်အဆင့် ဝန်ကြီးအများစု၊ ဝန်ထမ်းအကြီးအကဲတွေ၊ အသင်းအဖွဲ့တာဝန်ရှိသူတွေဟာ တက်ကြွတဲ့လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လူငယ်တွေရဲ့ အခန်းကဏ္ဍဟာ နည်းပါးနေပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ချုပ် ဘယ်လိုထင်မြင်ပါသလဲ။

**ဖြေ။** ။ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက တော်တော်အရေးကြီးပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားပြီဆိုရင် လူငယ်အခန်းကဏ္ဍက ပိုအရေးကြီးတယ်။ ဘာကြောင့် လူငယ်အခန်းကဏ္ဍက အရေးကြီးလဲဆိုတော့ ဒီလူငယ်တွေကပဲ ခေါင်းဆောင်တက်လုပ်မှာဖြစ်တယ်။ ဒီလူငယ်တွေကပဲ အဖွဲ့အစည်းအသီးသီးမှာ ပါဝင်မှာဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လူငယ်နဲ့ လူကြီးတွေရဲ့ ကွာခြားချက်ပေ့ါ။ လူငယ်တွေကတော့ သူ့ရဲ့ လိုအင်ဆန္ဒပေ့ါ၊ လူကြီးတွေကတော့ ကြောင့်ကြမှုပေ့ါ။ အတိုချုပ်ပြောရရင် လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှု။ လူငယ်တွေရဲ့ တောင့်တမှုဆိုတာ လူငယ်တွေသည် သူတို့က အမြဲတမ်းအလိုရှိတယ်။ တိုးတက်စေချင်တယ်။ လူငယ်တွေသည် ဒ့ါထက်ပိုပြီးတော့ ကောင်းစေချင်တယ်။ ဒ့ါထက်ပိုပြီးတော့ အလုပ်လုပ်ပြချင်တယ်။ ဒ့ါထက်ပိုပြီးတော့ ကြိုးစားပြချင်တယ်။ လူငယ်တွေရဲ့ တောင့်တမှုသည် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါတယ်။ လူကြီးတွေရဲ့ ကြောင့်ကြမှုဆိုတာ ဘာကိုကြောင့်ကြတာလဲဆိုတော့ ဒါကိုလုပ်ပေးလိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေထိခိုက်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဝင်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေဖြစ်လာနိုင်မလဲ၊ လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုအထိ သူတို့နိုင်ငံတွေက ချိန်ညှိပေးနိုင်တယ်လို့ မြင်တယ်။ ဘာတွေတွေ့ခဲ့သလဲဆိုတော့ လူကြီးတွေ၊ နိုင်ငံအကြီးအကဲတွေ၊ လူကြီးတွေက ဆွေးနွေးနေတယ်။ ဆွေးနွေးနေတဲ့အချိန်မှာ လူငယ်ဝန်ကြီးတွေက အဲဒီစကားဝိုင်းထဲမှာဝင်ပြီးတော့ ပြောချင်ပြောတာပဲ။ လူကြီးတွေက ပြောနေတဲ့စကားဝိုင်းထဲမှာ ဝင်ပြောချင်ပြောတာပဲ။ မှန်ရင် အဲဒီလူကြီးက လက်ခံလိုက်တယ်။ ဆက်ပြော၊ လုပ်ပါလို့ ပြောလိုက်တယ်။ အဲဒီတော့ လူငယ်တွေက ခုနတုန်းကပြောတဲ့ တောင့်တမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ချင်မှုတွေနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေ ဒီနှစ်ခုကိုချိန်ညှိရမယ်။ တောင့်တမှုတွေမရရင် ဘာဖြစ်လာမလဲ၊ တောင့်တမှုတွေမရရင် ဒေါသဖြစ်လာတယ်။ ကြောင့်ကြမှုတွေမရရင် ဘာဖြစ်မလဲ၊



ကြောင့်ကြမှုတွေမရရင် မောဟ ဖြစ်တာပေ့ါ။ ဒီကြားထဲမှာ ချိန်ညှိပေးနိုင်ရင်တော့ ဒီဟာသည်ထပ်ပြီးတော့ တိုးတက်လာမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းထားတာရှိတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဗလငါးတန်ဖွံ့ဖြိုးဖို့ လူငယ်တွေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတာရှိပါတယ်။ ဒါတွေလည်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ပဲမြင်ပါတယ်။ လူငယ်တွေနဲ့ ပတ်သက်ပြီး ပိုပြီးတိုးတက်တဲ့အသိအမြင်တွေ ပိုပြီးဆောင်ရွက်ချက်တွေ ဆောင်ရွက်မှာဖြစ်တယ်။ ဒါသည် လူကြီးတွေရဲ့တာဝန်လည်းဖြစ်တယ်၊ လူငယ်တွေရဲ့တာဝန်လည်းဖြစ်ပါတယ်။ ခုနကပြောသလို တောင့်တမှုနဲ့ ကြောင့်ကြမှုကို ဟန်ချက်ညီအောင်ထိန်းနိုင်တယ်ဆိုရင် ဒါသည် ပိုမိုတိုးတက်လာမယ်လို့ မြင်ပါတယ်။

**မေး။** ။**ဒါဆို မြန်မာနိုင်ငံက လူငယ်တွေဘာလုပ်သင့်သလဲ။**

**ဖြေ။** ။လူငယ်တွေအတွက် ကျွန်တော်ပြောချင်တာကတော့ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်နိုင်ငံ ဒ့ါထက်ငြိမ်းချမ်းရေး၊ ကိုယ့်နိုင်ငံ ဒ့ါထက်သာယာရေးအတွက် မည်သူကအသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ မိမိတာဝန်ပဲ အဲဒီလိုခံယူပြီးတော့ လုပ်သွားပေးကြပါလို့ ပြောချင်ပါတယ်။

**မီဒီယာကဏ္ဍ**

**မေး။** ။**ကျွန်မတို့ သတင်းထုတ်ပြန်မှုတွေကို ကြည့်တဲ့အခါ အခမ်းအနားတိုင်း၊ လုပ်ဆောင်မှုတိုင်းမှာ ရုရှားမီဒီယာတော်တော်များများကို တွေ့ရပါတယ်။ ရုရှားမှာ မီဒီယာကဏ္ဍ တိုးတက်နေတယ်လို့ မြင်ရပါတယ်။ မြန်မာမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

**ဖြေ။** ။သူတို့နိုင်ငံဘက်က မီဒီယာနဲ့ ကျွန်တော်တို့နိုင်ငံဘက်က မီဒီယာတွေအနေနဲ့ သူတို့မှာလည်း သူတို့ကို မကောင်းရေးတဲ့ မီဒီယာရှိကောင်းရှိမှာပေ့ါ။ ဒါပေမယ့် ကျွန်တော်မြင်တာက သူတို့နိုင်ငံဘက်မှာ ခေါ်ထားတဲ့မီဒီယာတွေရဲ့ လှုပ်ရှားပုံက သူတို့နိုင်ငံ သူတို့တော်တော်လေးကို ဂုဏ်ယူတယ်။ သူတို့နိုင်ငံကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ဂုဏ်ယူတယ်။ သူတို့လုပ်ရပ်ကို ဂုဏ်ယူတာကို တော်တော်လေးမြင်တွေ့ခဲ့ရတယ်။ ကျွန်တော်တို့သွားလာတဲ့အခါ တချို့သော သတင်းထုတ်လွှင့်ချက်ထဲမှာ သူတို့မီဒီယာတွေရဲ့ လှုပ်ရှားမှုကို ခင်ဗျားတို့မြင်ရမှာပဲ။ ဒီလိုမျိုးလုပ်ဆောင်နိုင်ဖို့၊ ဒီလိုမျိုးဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ကလည်း ကြိုးစားရမှာဖြစ်တယ်။ မီဒီယာကလည်း ကြိုးစားရမှာဖြစ်တယ်။ အစိုးရပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ မီဒီယာပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ သူတို့နိုင်ငံမှာ ကျွန်တော်တို့တွေ့တာ အလေးပေးဆက်ဆံတာတွေ၊ နေရာပေးတာတွေ၊ မီဒီယာနဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုတာတွေ တွေ့ရသလို သူတို့ကိုယ်တိုင်ကလည်း တော်တော့်ကို အရည်အချင်းပြည့်ဝပါတယ်။ ပြည့်ဝတယ်ဆိုတာက ကျွန်တော်တို့ မီဒီယာတွေအများစုနဲ့ မြို့တစ်မြို့ရောက်တိုင်း တွေ့ရပါတယ်။ သူတို့မေးတဲ့ မေးခွန်းတွေက မထင်မှတ်တဲ့မေးခွန်းတွေ ဖြစ်တယ်။

**မေး။** ။**ဒါဆို မြန်မာနိုင်ငံက မီဒီယာတွေအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

**ဖြေ။** ။လက်ရှိ မြန်မာနိုင်ငံရဲ့ မီဒီယာအခင်းအကျင်းကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အားမရဘူးလို့ ပြောရမှာပေ့ါ။ အားမရဘူးဆိုတာက နှစ်ပိုင်းပေ့ါ။ နံပါတ် (၁) အပိုင်းက ပြည်ပကနေရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှု၊ နံပါတ် (၂) အပိုင်းကတော့ ပြည်တွင်းမီဒီယာတွေအနေနဲ့ကတော့ ကျွန်တော်စာနာပါတယ်။ ကန့်သတ်ချက်တွေအများကြီးထဲက သူတို့လုပ်နေတာဖြစ်တယ်။ သူတို့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့မရှိဘူးလို့ ပြောတာမဟုတ်ဘူး။ ရှိတယ်၊ ရှိပေမယ့်လို့ ဒါကို သူတို့မှာ ထင်ထင်ပေါ်ပေါ်ပြနိုင်ဖို့၊ ပွင့်ပွင့်လင်းလင်းပြနိုင်ဖို့ ဒါမှမဟုတ် ရက်ရက်ရောရောပြနိုင်ဖို့ အခွင့်အလမ်းနည်းပါးတယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ရွေးကောက်ပွဲလုပ်မယ့် အခင်းအကျင်း၊ ရွေးကောက်ပွဲပြီးတဲ့ ကာလတွေမှာတော့ ပိုပြီးပွင့်လင်းလာမယ်လို့မြင်ပါတယ်။ မြန်မာ့မီဒီယာကဏ္ဍလည်း ဒ့ါထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များအတွက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်မှုများစွာ ရရှိအောင် ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ






နေပြည်တော် မတ် ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရှောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေပညာရပ်များကို သိရှိနားလည်မှသာ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည့်အတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများကို ရုံးဌာနများနှင့် ကျောင်းများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း လေ့လာသင်ကြားခဲ့ရသည့် ဥပဒေပညာရပ်များကို မိမိတို့လုပ်ငန်းနယ်ပယ်အတွင်း၌ အကျိုးရှိစွာ အသုံးချကျင့်သုံး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများကို လေးစားလိုက်နာပြီး ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များကို ရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက် ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပဒေရေးရာ ဟောပြောပွဲ၌ သင်တန်းဆင်း ဝန်ထမ်းများက "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ" နှင့် "ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ရေး အက်ဥပဒေ" တို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက "အွန်လိုင်းအသုံးပြု လိမ်လည်မှု (Cyber Scam)နှင့် လောင်းကစားမှု (Online Gambling) များ တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာ" တို့ကိုလည်းကောင်း ဆွေးနွေး ပြောကြားမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းဆင်း ဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းကို မတ် ၃ ရက်တွင် သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ရက်သတ္တတစ်ပတ်ကြာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ သင်တန်း၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ခရီးစရိတ် လက်စွဲ ဥပဒေ၊ နည်းဥပဒေ၊ ပြည်သူပိုင် ပစ္စည်းများအား ကာကွယ်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်သိကောင်းစရာများ အစရှိသည့် ဘာသာရပ်များကို ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများသို့ တက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ စနစ်တကျ လေ့ကျင့်သင်ကြား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ (တပေါင်းလပြည့်နေ့) အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၀

**၁၃၈၆ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတွင် သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားကို နဝရတ် ကတိသစ္စာ သံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်သည်။**

ထို့နောက် သဘာပတိက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပခြင်း ရည်ရွယ်ချက်မှာ "ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ပြား" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသော သမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးများ၊ ခက်ခဲနက်နဲသော မြန်မာ့တိုင်းရင်းဆေးပညာရပ်၏ ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသောအားဖြင့် တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေး သမားတော်နေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ တပေါင်းလသည် ဆောင်းဥတုအကုန် နွေဥတုအစ ဖြစ်သောကြောင့် ရာသီဥတုမှာ မပူလွန်း မအေးလွန်းဘဲ ညီညွတ်မျှတသော အချိန်ကာလဖြစ်ပါကြောင်း၊ နေ၊ လ၊ ကြယ်တာရာ၊ ၂၇ လုံးသော နက္ခတ်နှင့် ဂြိုဟ်ကြီး ကိုးလုံးတို့ တစ်ပေါင်းတစ်စည်းတည်း ပြည့်စုံစွာထွက်ပေါ်သော အချိန်အခါလည်း ဖြစ်ပါကြောင်း၊ ရွက်ဟောင်းကြွေ၍ တစ်ဖန်ထွက်ပေါ်လာသော ရွက်သစ်များက အာဟာရပြည့်ဝပြီး ဆေးဖက်ဝင်စေကာ သက်ရှိသတ္တဝါများအပေါ် သဘာဝအလျောက် ကျန်းမာရေးညီညွတ်မှုကို ဖြစ်စေခြင်းတို့ကြောင့် တပေါင်းလပြည့်နေ့ကို နေ့ကောင်းနေ့မြတ်အဖြစ် မှတ်တမ်းပြု၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ဟု သတ်မှတ်ကာ ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။




တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ယခင်က တိုင်းရင်းဆေးပညာ ဒီပလိုမာ ချီးမြှင့်ခဲ့ရာမှ နိုင်ငံတော်က ၂၀၀၂ ခုနှစ်တွင် တိုင်းရင်းဆေး တက္ကသိုလ်ဖွင့်လှစ်၍ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာ ပါရဂူဘွဲ့အထိ အဆင့်ဆင့်တက်လှမ်းနိုင်ရန် စဉ်ဆက်မပြတ် အလေးထားပံ့ပိုးလျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးပညာကဏ္ဍကို ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရန် "ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင်" စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသော ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများတွင် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေး ညှိနှိုင်းပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းဆေး သမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ဂုဏ်ပုဒ်မြင့်အောင် အရှိန်အဟုန်ဖြင့် ကြိုးစားကြရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းကြံဆ၍ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုတိုးတက်အောင် ခေတ်စနစ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေး ပညာရပ်ကြီးသည် တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက်မြင့်ပြီး အောင်မြင်တိုးတက်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရခြင်းနှင့် ပတ်သက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုခွေးက ရှင်းလင်းပြောကြား၍ သက်ကြီး၊ ဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြပြီး စွမ်းဆောင်ရည်ဆုရ ခုတင်(၅၀) ဆံ့ တိုင်းရင်းဆေးရုံ ပဲခူးမြို့မှ ဆေးရုံအုပ် ဦးအောင်စိုးလွင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တစ်သားတည်းပင် ကြားမထင်ဘဲ

ပြည်စိုးညိမ်း

ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
သူ့နိုင်ငံ သူ့အရေးကလည်း
ကိုယ့်နိုင်ငံ ကိုယ့်အရေးလိုပဲ့
ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း
သူ့နိုင်ငံ သူ့အရေးရယ်သို့
ရှေးရှုစိတ်ထား။

ယနေ့သည် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်၏ဒုတိယ မြောက်နေ့ရက်ဖြစ်သည်။ ရာသီဥတုမှာ မော်စကိုမြို့၏ ကောင်းကင်တစ်ခွင်ဝယ် သာယာကြည်လင်လျက်ရှိသည်။ အပူချိန်မှာ ၄ ဒီဂရီစင်တီဂရိတ်မျှ ရှိမည် ထင်၏။ အဆောက်အအုံများအတွင်း၌မူ နေရာမလပ် အနွေးပေးစက်များ စီမံထားရှိသဖြင့် အခန်းတွင်း အပူချိန်မှာ မသိသာလှသော်လည်း ပြင်ပ၌မူ အအေးဓာတ်က လွှမ်းခြုံလျက်ရှိနေသေး၏။

**ခရီးစဉ် ဒုတိယနေ့**

ခရီးစဉ် ဒုတိယနေ့အတွက် တစ်နေ့တာအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာ များပြားလှသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း စသည်ဖြင့် လေးနက်ကျယ်ပြန့်သော တာဝန်ဝတ္တရားများက အရုဏ်ဦးနေ့သစ်နှင့်အတူ အသင့်စောင့်ကြိုနေသည်။

**နိုးကြားဖျတ်လတ်စွာ အသင့်ရှိ**

အမိမြန်မာနိုင်ငံတော်၏ အဆင့်မြင့် ကိုယ်စားလှယ်ကြီးများကလည်း ထိုတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန်အလို့ငှာ မော်စကိုမြို့၏ နံနက်အရုဏ်ဦးနှင့်အတူ နိုးကြားဖျတ်လတ်စွာ အသင့်ရှိနေကြသည်။

> ❝ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟု ဆိုရပါမည် . . . ❞



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။ (၄-၃-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၄-၃-၂၀၂၅)

ပထမဆုံးအစီအစဉ်အရ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ လုံခြုံရေးယာဉ်တန်းများ ခြံရံထားသည့် အထူးယာဉ်တန်းဖြင့် ထွက်ခွာ၍ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

နိုင်ငံတော် အကြီးအကဲသည် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုလျက်ရှိစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

အကြီးအကဲသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီးတာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်နေစဉ် အနွေးစစ်ဝတ်များဖြင့် ညီညာစွာ သက်ဝင်လှုပ်ရှားနေသော ဂုဏ်ပြုတပ်ဖွဲ့သည် မြန်မာ့တပ်မတော် စစ်သီချင်းများဖြင့် ထပ်မံတီးမှုတ်ဂုဏ်ပြုခဲ့သည်။

ထိုနေ့နံနက်ပိုင်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏ အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ ဆွေးနွေးသည်။

**နှစ်နိုင်ငံဆက်ဆံရေးတိုးတက်**

လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ ဆီးကြိုနှုတ်ဆက်၍ ခန်းမအတွင်းသို့ ဦးဆောင်ခေါ်ယူသည်။ ဆွေးနွေးပွဲ စတင်သည်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများကို မင်္ဂလာရှိစွာ စတင်ဆွေးနွေးသည်။ သည့်နောက်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။ မိမိတို့နိုင်ငံတွင် မကြာမြင့်မီကာလအတွင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဆင်ယင်ကျင်းပတော့မည့်နည်းတူ ရုရှားနိုင်ငံ၌လည်း နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ ကျင်းပတော့မည်ဖြစ်သည်။ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက ထိုအခမ်းအနားကြီးသို့ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် အခြားသောလုံခြုံရေးဖိုရမ်များ၌လည်း မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာ အကြောင်းကိစ္စများကို ပြန်လည်ဆွေးနွေးခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းက ကျင်းပပြီးစီးခဲ့သည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (၄-၃-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၄-၃-၂၀၂၅)

*စာမျက်နှာ ၆ မှ*

လုံခြုံရေးကောင်စီ အတွင်းရေးမှူး အား နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုစည်သူသင်္ဂဟတံဆိပ် ... စည်သူ ဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းအားဖြင့် တွေ့ဆုံပွဲကို လှပစွာ အနားသတ်လိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် ဒူးမားလွှတ်တော်အဆောက် အအုံ အစည်းအဝေးခန်းမ၌ လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးရန် စီမံဆောင်ရွက် ကြပြန်သည်။ အချိန်မှာ ဒေသစံတော်ချိန် နံနက်ပိုင်းမှာပင် ရှိနေသေး၏။ မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးပမ်းနေကြပုံများမှာ နှစ်ထောင်းအားရဖွယ်ဖြစ်သည်။

**ဖက်လဲတကင်း ဆီးကြို**

နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စား လှယ်များ ဒူးမားလွှတ်တော်အဆောက် အအုံသို့ ရောက်ရှိသည်နှင့် ကြိုတင် ရောက်ရှိနေရာယူထားသော ဒူးမား လွှတ်တော်ဥက္ကဋ္ဌက ဖက်လဲတကင်း ဆီးကြိုနှုတ်ဆက်၍ အတူတကွ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲတွင် ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု၊ လွှတ်တော်နှင့်ပါတီများ ဖွဲ့စည်းထားရှိမှု၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေ အနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ် ၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင် ရွက်လျက်ရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။ ဆက်လက်၍ ရုရှား နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ထောက်ခံ အားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှ အကူအညီများရယူသည့် ပါတီ များကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိ မှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက် သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ကြမည့် အခြေအနေများ ကိုလည်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ ကြသည်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက် ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များမှာမူ တွေ့ဆုံ ဆွေးနွေးမှုများနှင့် လုပ်ငန်းဆောင်တာ များအကြား ခေါင်းမဖော်နိုင်စတမ်း မအားလပ်နိုင်အောင် အလုပ်များလျက် ရှိရာ နေ့လယ်ပိုင်းသို့ ရောက်သွားသည် ကိုပင် သတိထားမိကြပုံမပေါ်။

ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်း အဝေးခန်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံ ဆွေးနွေးရန် ဆက်လက်ထွက်ခွာခဲ့သည်။

ရုရှားအစိုးရအဖွဲ့ အိမ်တော်သို့ ရောက်ရှိသည်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ရင်းနှီး လှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်သည်။

**အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် က နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည် ရေး ခရီးစဉ် လာရောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း နှုတ်ခွန်း ဆက်စကားဆိုသည်။ အာရှပစိဖိတ်ဒေသ တွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံ တစ်ခုဖြစ်ကြောင်းကိုလည်း အလေးထား ၍ ပြောသည်။

နိုင်ငံတော်အကြီးအကဲက (၇၇)နှစ် ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက် မှုများ တိုးတက်ကောင်းမွန်လျက်ရှိပုံကို ပြောကြားသည်။ မိမိတို့အပေါ် ချစ်ခင် ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက် အလေးအနက်ထား၍ ကျေးဇူးစကား တုံ့ပြန်သည်။

သည့်နောက်တွင် ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ၊ အာကာသနှင့် ဂြိုဟ်တုနည်း ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး များကို တိုးမြှင့်လုပ်ဆောင်သွားရန် ဆက်လက်ဆွေးနွေးကြသည်။ နိုင်ငံ တော်အကြီးအကဲက နှစ်နိုင်ငံ ခရီးသွား လုပ်ငန်းများ အပြန်အလှန်တိုးတက်လာ စေရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ဖိတ်ခေါ်ဆွေးနွေး သည်။ အခြားသော ဆောင်ရွက်ဖွယ်ရာ များဖြစ်သည့် သဘောတူညီမှုစာချွန်လွှာ များ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ် များနှင့် အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိ ကြီးများ၏ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များနှင့်ပတ်သက်၍လည်း ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ကြသည်။

ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယနေ့ မှာ တွေ့ဆုံဆွေးနွေးပွဲများက အစီအရီ နေရာယူလျက်ရှိသည်။ နိုင်ငံတော် အကြီးအကဲမှာ ပန်းတိုင်သို့ချီရာလမ်းဝယ် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ ကို မမောမပန်းနိုင် လျှောက်လှမ်းလျက် ရှိသည်။ "မျိုးစေ့မမှန်ပင်မသန်က၊ ဖူးတံ ငုံကင်းအသီးဖျင်း၏" ဟူသော ဆိုရိုး စကားရှိသည်။ ယခုအခါဝယ် မျိုးစေ့မှန် သဖြင့် အပင်သန်ရမည်ဟု အားလုံးက တူညီသောစိတ်ဆန္ဒတို့ဖြင့် မမိုတ်မသုန် ယုံကြည်ကြလျက်ရှိရာ မဝေးတော့သော ကာလတစ်ခုတွင် နိုင်ငံတော်၏ နယ်ပယ် ကဏ္ဍအစုံ၌ ပွင့်သောပန်းတို့ လန်းလန်း စွင့်စွင့် ရှိကြပေတော့မည်။

ဒေသစံတော်ချိန် မွန်းလွဲပိုင်းသို့ပင် ရောက်ရှိလာချေပြီ။ နိုင်ငံတော်အကြီး အကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးရန် ရုရှားဖက်ဒရယ် ကောင်စီလွှတ်တော်သို့ ဆက်လက် ထွက်ခွာသည်။

ဖက်ဒရယ်ကောင်စီ လွှတ်တော် ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး စောင့်ကြိုဆို နှုတ်ဆက်၍ ဧည့်သည်တော်မှတ်တမ်း စာအုပ်ရှိရာသို့ ခေါ်ဆောင်သည်။ နိုင်ငံ တော် အကြီးအကဲက လွှတ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။ အကြီးအကဲနှင့်လွှတ်တော် ဥက္ကဋ္ဌတို့က မိမိတို့အဖွဲ့ဝင်များနှင့် အပြန် အလှန်မိတ်ဆက်ပေးပြီး ဖက်ဒရယ် ကောင်စီလွှတ်တော် အစည်းအဝေးခန်းမ တွင် တွေ့ဆုံပွဲကို စတင်ကြသည်။

**လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်**

အဓိကအားဖြင့် လွှတ်တော်နှစ်ရပ် အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံ ရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေ အနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လွတ်လပ်ပြီး တရားမျှတ သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရွေးကောက် ပွဲကျင်းပချိန်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွား မည့်အခြေအနေနှင့် မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်တွင် လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေး ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍လည်း အလေးအနက်ထား ဆွေးနွေးနိုင်ခဲ့ ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည် ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံ ဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိသည်။ ဆွေးနွေးပွဲများတစ်လျှောက်လုံး တွင် အကြီးအကဲ၏ တည်ကြည်သော စိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသော စေတနာ တို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်း ဆောင်ရွက်သွားမည့် နယ်ပယ်များ အလိုက် ပြန်လည်ဆွေးနွေးချက်များတွင် လည်း မြန်မာ့အမျိုးသား အကျိုးစီးပွား ကို ဦးတည်သည့် ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့် ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ် ရာ အကြောင်းအရာများကို အပြည့်အဝ ဆွေးနွေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

**နယ်ပယ်ပေါင်းစုံ ရလဒ်ကောင်း**

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော် အကြီးအကဲဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေး ခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံ ဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်း များကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟု ဆိုရပါမည်။

မြန်မာနှင့် ရုရှားဆိုသည်ကား သူ့နိုင်ငံ သူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်ပင်။ တစ်ဖန် ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း သူ့နိုင်ငံ သူ့အရေးသို့ရှေးရှုစာနာထောက်ကူဖေးမ ခဲ့ကြသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေ ဟောင်းနိုင်ငံများဖြစ်ကြသည့် အားလျော် စွာ ချစ်ကြည်ရင်းနှီးမှုကို အခြေတည်၍ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် တစ်သား တည်းပင် ကြားမထင်ဘဲ တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ကြသည်ဖြစ်ရာ ရှေ့သို့ ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) သို့ မနေးအမြန် ရောက်ရှိတော့မည်ဖြစ်ပါ ကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မမိုတ်မသုန်ယုံကြည်နေမိပါသည်။ ။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်



ဦးအေးဝင်း၊ ဥက္ကဋ္ဌ (UMFCCI)



ဦးအောင်အောင်ဇော်၊ ဥက္ကဋ္ဌ(MAI)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏ စကားသံများ

**ဦးကိုကိုလွင်**
**ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန**

ရုရှားနဲ့ဘယ်လာရုစ်နဲ့က ကျွန်တော်နှစ်နိုင်ငံလုံးနဲ့က ရင်းနှီးနေတာ ကြာပါပြီ။ ဒီနှစ်နိုင်ငံလုံးကိုလည်း ကျွန်တော် အကြိမ်တော်တော်များများ ရောက်ဖူးပါတယ်။ နံပါတ်တစ် ရုရှားပေါ့နော်။ ရုရှားအနေနဲ့က တော့ ဒီခရီးစဉ်က State Visit ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကိုလည်း သေချာပြင်ဆင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရုရှားကို စွမ်းအင်ကိစ္စနဲ့ တစ်ခါလာခဲ့ပြီးပါပြီ။ စွမ်းအင်ဝန်ကြီးနဲ့လည်း ကျွန်တော်တွေ့ခဲ့ပါပြီ။ ဒီတစ်ခေါက်မှာလည်း နိုင်ငံတော်အကြီးအကဲနဲ့ နှစ်ဖက်အကြီးအကဲ နှစ်ဦးတွေ့ဆုံခဲ့တဲ့အပေါ်မှာ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေအပေါ်မှာ ကျွန်တော် သီးခြားစွမ်းအင်ဝန်ကြီးဌာနက ပထမ၊ ဒုတိယဝန်ကြီးနဲ့ သက်ဆိုင်ရာကုမ္ပဏီက အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တွေ့ဆုံပြီးတော့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှားကဆိုရင် စွမ်းအင်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် အလွန်ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်နေတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့လည်း ရုရှားက ဒီနေ့ဒီအချိန်မှာ ဒီလိုရပ်တည်နိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော် အများကြီးအားကျပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တော်တော်များများလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ဘယ်လာရုစ်ပေါ့။ ဘယ်လာရုစ်ကတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံတယ်။ ကျွန်တော်တို့နိုင်ငံတော်အကြီးအကဲကလည်းပဲ စိုက်ပျိုးရေးကို အခြေခံတဲ့ ထုတ်ကုန်တွေ၊ ကုန်ထုတ်လုပ်မှုတွေ အများကြီးမြှင့်တင်ချင်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့က Mechanize farm ကို သွားရမှာပေါ့။ ကျွန်တော်တို့သွားဖို့လည်း လုပ်နေကြပါပြီ။ ဒီအပေါ်မှာ ဘယ်လာရုစ်နဲ့ ပူးပေါင်းတာက အင်မတန်မှန်ကန်တယ်။ ကောင်းမွန်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဘယ်လာရုစ်က သူတို့ ဖိုရမ်မှာလည်း ပြောသွားပါတယ်။ စိုက်ပျိုးရေးကဏ္ဍကိုပဲ ပြီးခဲ့တဲ့နှစ်က ၅ ဘီလီယံကျော် ဝင်ငွေရခဲ့တဲ့အတွက် အလွန်အားကျဖို့ ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဒီလိုမလုပ်နိုင်စရာမရှိပါဘူး။ ကျွန်တော်တို့ ကြိုးစားလုပ်ရင် ရပါတယ်။ ဘယ်လာရုစ်နဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ စိုက်ပျိုးရေးကို ကျွန်တော်တို့ Mechanize farm ဖြစ်အောင် လိုအပ်တဲ့စက်ပစ္စည်း ကိရိယာတွေ ထုတ်လုပ်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ခြုံပြီးပြောရရင် ဘယ်လာရုစ်နဲ့ ရုရှားနှစ်နိုင်ငံလုံးက အင်မတန် စနစ်ကောင်းပါတယ်။ ကျွန်တော် သူတို့နဲ့တွဲပြီးတော့ ဆယ်စုနှစ်တစ်စုကျော်ပြီး ကျွန်တော်လုပ်ခဲ့တာ။ အင်မတန်စနစ်ကောင်းပါတယ်။အတုယူဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံ စွမ်းအင်ဖူလုံရေးနဲ့ လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်ပါမယ်။ ကျွန်တော်တို့နိုင်ငံဟာ ထိုက်သင့်သလောက် စွမ်းအင်အရင်းအမြစ်တွေရှိတယ်။ နံပါတ်တစ် ကျွန်တော်တို့က မရှာဖွေနိုင်သေးဘူး။ ပြီးပြည့်စုံအောင် မရှာဖွေနိုင်သေးဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့က ရုရှားနဲ့ နည်းပညာအကူညီရယူပြီး ပူးပေါင်းဆောင်ရွက်မယ်။ နံပါတ်နှစ်က ရှာဖွေလို့တွေ့ပြီဆိုရင်လည်း ကျွန်တော်တို့က ထိထိရောက်ရောက် တူးဖော်နိုင်အောင်လုပ်ရမယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့က ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ရမယ်။ နောက်ပြီးတော့ တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ အင်မတန်ကောင်းမွန်တဲ့နေရာ ရှိပါတယ်။ စွမ်းအင်ကုန်သွယ်မှုကို ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ အထူးသဖြင့် Energy Terminal ဟာမျိုးတွေ။ ကျွန်တော်တို့မှာ နိုင်ငံတကာကိုတင်ပို့နိုင်တဲ့၊ ထိုင်းနဲ့ တရုတ်ကို တင်ပို့နိုင်တဲ့ ပိုက်လိုင်းတွေရှိတယ်။ ကျွန်တော်တို့ ရေနက်ဆိပ်ကမ်းတွေရှိတယ်။ Energy Terminal ဆောက်ဖို့ နေရာကောင်းတွေရှိတယ်။ ဒီနေရာ Energy Terminal တွေဆောက်မယ်။ ဒီပိုက်လိုင်းတွေနဲ့ ကျွန်တော်တို့ပို့မယ်၊ ကျွန်တော်တို့ နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့လုံလောက်အောင်လည်း အဲဒီကရယူမယ်။ ရေနံချက်စက်ရုံတွေ ဆောက်မယ်။ စက်သုံးဆီကို သွင်းရတဲ့ဟာနောက်ဆိုရင် ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ကိုယ်တိုင်ချက်လုပ်ပြီးတော့သုံးစွဲမယ်။ နောက် ဓာတ်မြေဩဇာတွေ ချက်လုပ်မယ်။ ဒါက ကျွန်တော့်ကဏ္ဍပါ။ ဒီအပိုင်းကို လုပ်ဖို့အတွက် ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ကျွန်တော့်အတွက်လည်း အလွန်ပဲ အတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန လုပ်ဆောင်နေတာကို ပြည်သူတွေသိမှလည်း၊ ပြည်သူတွေလိုက်ပါဆောင်ရွက်မှလည်း၊ ပြည်သူတွေ အကူညီရမှလည်း အောင်မြင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဆိုတာကတော့ အဓိကအားဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံအတွက် ဒါတွေ တစ်ထောင့်တစ်နေရာက တာဝန်ယူနေရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုတာကလည်း သိပ္ပံနဲ့နည်းပညာဆိုင်ရာမှာ တကယ့်ကမ္ဘာ့ထိပ်တန်းနိုင်ငံပေါ့နော်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်တွေကလည်း တကယ့်အဆင့်မြင့်တဲ့ တက္ကသိုလ်တွေပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ဒီသိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်ရေးရော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပါ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေရရှိခဲ့တယ်လို့ ပြောလိုပါတယ်။ ပထမတစ်ချက်အနေနဲ့ကတော့ ခုနပြောသလို လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပေါ့၊ ဘယ်နေရာမဆို အခြေခံအကျဆုံးက လူသားအရင်းအမြစ်ပဲလေ။ ဒီလူသားအရင်းအမြစ်ကို တကယ့်ကို လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နားလည်မှုတွေ၊ ဒီအပြန်အလှန်လက်မှတ်ရေးထိုးနိုင်ခဲ့တာတွေရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက်အားပါပဲ။ တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်တွေလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံဆိုတာက တကယ့်နည်းပညာပိုင်းဆိုင်ရာမှာလည်း ထိပ်တန်းနိုင်ငံပါ။ အဏုမြူစွမ်းအင်ဆိုရင်လည်း တကယ့်ထိပ်တန်းနိုင်ငံပါပဲ။ အဏုမြူစွမ်းအင်ဆိုတာကလည်း တကယ်တော့ ငြိမ်းချမ်းတဲ့နယ်ပယ်မှာ နေရာကဏ္ဍအစုံအလင်မှာ အသုံးချလို့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေဖြစ်လာမှာပါ။ ဒါ့အပြင်အာကာသမှာလည်း ရုရှားနိုင်ငံဆိုတာ တကယ့်ထိပ်တန်းရောက်နေတဲ့ နိုင်ငံပါ။ ပထမဆုံး ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့တယ်။ ပထမဆုံးလူသား အာကာသထဲကို ပေးပို့နိုင်ခဲ့တယ်။ ဒီလိုနိုင်ငံဆီကနေ ကျွန်တော်တို့ အတွေ့အကြုံတွေ မျှဝေခွင့်ရတယ်။ ပညာလေ့လာခွင့်ရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေပါပဲလို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်ခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ဒါ အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ကို ယုံကြည်ပါတယ်လို့ ပြောလိုပါတယ်ခင်ဗျာ။

**ဦးအေးဝင်း၊ ဥက္ကဋ္ဌ (UMFCCI)**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာ ပြီးခဲ့တဲ့ မတ်လ ၄ ရက်နေ့တုန်းက ကျွန်တော်တို့က ရုရှား-မြန်မာ Business Forum တစ်ခုကို ကျွန်တော်တို့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီ Forum မှာ ကျွန်တော်တို့ ဒီစီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ လူတွေရော၊ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေပါ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာတော့ အဓိကကတော့ ကျွန်တော်တို့ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကြားထဲမှာ ကုန်သွယ်မှုပိုင်းဆိုင်ရာ၊ နောက်ပြီး တော့ ကျွန်တော်တို့ ရင်းနှီးမှုပိုင်းဆိုင်ရာတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မယ်၊ ဘယ်လိုတိုးမြှင့်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှာလည်း ကျွန်တော်တို့ပြီးခဲ့တဲ့ မတ်လ ၆ ရက်နေ့ကပေါ့နော်။ အဲဒီမှာလည်း ကျွန်တော်တို့က မြန်မာ-ဘယ်လာရုစ် Business Forum ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံဘက်ကနေပြီးတော့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ သူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေပါ ကျွန်တော်တို့ စုစုပေါင်း ၁၅၀ ဝန်းကျင်လောက် တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပွဲမှာလည်း အလားတူပါပဲ။ ဘယ်လာရုစ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ ရနိုင်မလဲ၊ နောက်ကုန်သွယ်မှုတွေကို ဘယ်ဟာတွေက ကုန်သွယ်မှုပြုလုပ်နိုင်မလဲ၊ ဘယ်အပိုင်းတွေကိုတော့ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုတွေကို လုပ်နိုင်မလဲဆိုတဲ့အပိုင်းကို ကျွန်တော်တို့အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ ဘယ်လာရုစ်ဘက်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ကြားမှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်နိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ ကျွန်တော်တို့ တချို့ဒီရင်းနှီးမြှုပ်နှံမှုတွေကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်ကို MoU တွေလည်း ရေးထိုးနိုင်ခဲ့တာရှိပါတယ်။ အဓိကကတော့ ရုရှားနဲ့ရော၊ ဘယ်လာရုစ်နဲ့ပါ အဓိကဆွေးနွေးတဲ့ နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ အဓိကပင်မစီးပွားရေးကဏ္ဍက လေးရပ်ရှိတယ်။ အဲဒီကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နောက်ကုန်ထုတ်လုပ်ငန်း၊ နောက် ကျွန်တော်တို့ဒီ ဓာတ်သတ္တုနဲ့ သဘာဝသယံဇာတကဏ္ဍရှိမယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဒီဝန်ဆောင်မှုကဏ္ဍ၊ ဒီ လေးရပ်ရှိတယ်။ အဲဒီတော့ အဲဒီလေးရပ်အနက်မှာ အဓိကကဏ္ဍတွေဖြစ်တဲ့ ဒီစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနဲ့ နောက်ကုန်ထုတ်လုပ်ငန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ကနေပြီးတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေ၊ နောက်မြန်မာနိုင်ငံမှာ ဒီကဏ္ဍတွေမှာရှိတဲ့ အခွင့်အလမ်းတွေကို ကျွန်တော်တို့က ရှင်းလင်းဆွေးနွေးပြခဲ့တာ ရှိပါတယ်။ ဒီကဏ္ဍတွေမှာ ကျွန်တော်တို့က စိတ်ဝင်စားမှုတွေ အများအပြားရှိပါတယ်။ ပထမအဆင့်မှာတော့ ကုန်သွယ်မှု၊ အပြန်အလှန် ကုန်သွယ်မှုကို ကျွန်တော်တို့က စတင်မှာဖြစ်ပြီး နောက်ပိုင်းမှာတော့ ကျွန်တော်တို့က အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ အဲဒီလိုမျိုး အလားအလာတွေကို တွေ့ရှိရပါတယ်။

**ဦးအောင်အောင်ဇော်၊ ဥက္ကဋ္ဌ(MAI လေကြောင်းလိုင်း)**

ခရီးသွားတွေ များများရောက်ရှိရေးအတွက် ပရိုမိုးရှင်းသွားလုပ်တဲ့ပွဲပေါ့။ ခရီးသွားဆိုတာက ဥရောပသားတွေက ဒီအချိန်မှာလာဖို့ သိပ်စိတ်မဝင်စားဘူးလေ။ တကယ်လာချင်တာက ရုရှားတို့၊ အိန္ဒိယတို့၊ တရုတ်တို့ကပဲ မြန်မာပြည်ကိုလာချင်တာပေါ့။ နောက်တစ်ခုက ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့ လုပ်မယ်ဆိုတဲ့အခါကျတော့ ဒါနဲ့ပတ်သက်ပြီးတော့ Bussiness Traveller တွေလည်း လာဖို့ရှိတဲ့အတွက်ကြောင့် လေကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က သွားရောက်ရှင်းလင်း တင်ပြရတာပါ။ ခရီးသွားအရေအတွက် အာမခံချက်ရမယ်ဆိုရင် လေကြောင်းတွေ ဘယ်လိုတိုးမြှင့်ပြီး ပြေးဆွဲမယ်။ ဒီလိုပြေးဆွဲတဲ့နေရာမှာ လက်ရှိလည်း နိုဗိုစီဗစ်ကို ပျံနေတာပေါ့။ ခရီးသွားလာရေးဆိုတာက မီးခိုးတိတ်စီးပွားရေးရှာတဲ့ဟာပေါ့။ စက်ရုံ၊ အလုပ်ရုံတွေလို မဟုတ်ဘူး။ အသံတိတ်လေး ပိုက်ဆံဝင်တယ်။

*စာမျက်နှာ ၉ သို့*

# မြေယာလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်များအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေ၊ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လို

**နေပြည်တော် မတ် ၁၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ရှင်းလင်းဆောင်၌ ပြင်ဦးလွင် ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန်ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ပါဝင်သော ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှု၊ ကော်ဖီစိုက်ပျိုး လုပ်ကိုင်ခွင့်ရသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့် အသစ်ချထား ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးရန် မြေအသုံးပြုခွင့်တောင်းခံထားသူများအား ခွင့်ပြုရန် လျာထားသည့် နယ်မြေဇုန်အလိုက် စုစည်းခေါ်ယူ တွေ့ဆုံသွားရန်၊ တွေ့ဆုံချိန်တွင် အမှန်တကယ်စိုက်ပျိုးရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ပြည့်စုံမှုရှိမရှိ တွက်ချက်ရန်၊ တာဝန်ရှိသူများက ကွင်းဆင်းလိုက်လံပြသပြီး သတ်မှတ် စည်းကမ်းချက်များအတိုင်း မှန်မှန်ကန်ကန် စိုက်ပျိုးနိုင်ရန်နှင့် တစ်ပါတည်း စာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ပြုသွားရန်၊ နိုင်ငံပိုင်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ဥပဒေနှင့် လွှဲပြောင်းခွင့်လွှဲရောင်းခဲ့သူများအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အရှိန်မတန့်သွားစေရေး စဉ်းစားပေးပြီး အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းခွန်ဝယ်ခွန်များကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အခွန်ငွေပေးသွင်းစေခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက်တွင် သတ်မှတ်ကာလ ပြည့်သွားပြီ ဖြစ်ကြောင်း။

အခွန်ငွေပေးသွင်းရန် ကျန်သူများအနေဖြင့် မိမိတို့ကြိုတင်ကြေညာထားပြီးဖြစ်သည့်အတိုင်း တရားစွဲဆိုခြင်း၊ အမည်မည်းစာရင်းသွင်းခြင်းနှင့် လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းတို့ကို ဧပြီလကုန်အပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ခိုင်လုံသော အကြောင်းပြချက်ဖြင့် လာရောက်ဆက်သွယ်၍ အခွန်ငွေပေးသွင်းလျှင် သတ်မှတ်ဒဏ်ကြေးဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကော်မတီသို့ တင်ပြသွားရန်ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်ဟု ဆိုရုံမျှဖြင့် ဥပဒေက ခွင့်လွှတ်မည်မဟုတ်ကြောင်းကိုလည်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်မည့် လုပ်ငန်းရှင်များအား ရှင်းပြပေးရန်လိုကြောင်း၊ ယခုတစ်ကြိမ် စာချုပ် ချုပ်ဆိုပြီးသူများအနေဖြင့် စည်းကမ်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပြီး မိမိတို့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်



အတွက် လိုအပ်သော အကူအညီများ ပေးအပ်သွားရန် ဖြစ်ကြောင်း။

ကော်ဖီစိုက်ခင်းများတွင် ကော်ဖီစေ့အစိမ်း (Green Bean) အထိ ထုတ်လုပ်ရန်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် သက်ဆိုင်ရာ စက်မှုဇုန်များတွင် စက်မှုဇုန်ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို သေချာစွာ ရှင်းလင်းပြရန်နှင့် စိုက်ပျိုးခွင့်ရရှိသူများအား ခြောက်လ တစ်ကြိမ် အမှန်တကယ် စိုက်ပျိုးတိုးတက်မှု ရှိ မရှိကို ကွင်းဆင်းစစ်ဆေးရမည်ဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှု တိုးတက်အောင် လုပ်ဆောင်ခြင်းမပြုဘဲ ဟန်ပြဆောင်ရွက်လျှင် လုပ်ကိုင်ခွင့် ရုပ်သိမ်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်ကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု စံပြဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းပေးကြရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိလိုသောအချက်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၀**
ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီး (East - West Economic Corridor) ပေါ်ရှိ အတ္ထရံတံတားအသစ် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းတာဝန်ခံက တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် စပ်လျဉ်း၍လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရန် လုပ်ငန်းစီမံချက်အတိုင်း တိကျစွာ ဆောင်ရွက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု အထူးဂရုပြု ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အပေါ်ပုံ)**

အတ္ထရံတံတား အဟောင်းသည် သက်တမ်းကြာမြင့်ပြီဖြစ်၍ ခံနိုင်ဝန်အား လျော့နည်းလာခြင်းကြောင့် အတ္ထရံတံတားအသစ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ သက်သာသော အတိုးနှုန်းချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားသည် သံမဏိကြိုးဆိုင်းတံတား (Cable-Stayed Bridge) ဖြစ်ကြောင်း၊ တံတားအရှည် ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွားနှင့် ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၄၀၀ ရှိကာ တံတား၏ ခံနိုင်ဝန်သည် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်တက္ကသိုလ်တွင် Recreation Center အဆောက်အအုံ တည်ဆောက်မည့် မြေနေရာ၊ အဆောက်အအုံ နေရာဝင်ဆံ့မှုနှင့် တည်ဆောက်မည့်ပုံစံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ မွန်ပြည်နယ်ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေး အထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-ဘားအံလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့၌ ကရင်ပြည်နယ်ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေးအထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*
ဟိုတယ်တွေ၊ စကားပြန်တွေ၊ ကျွန်တော်တို့ဘက်ကလည်း ဝန်ဆောင်မှုအပြည့် လုပ်ပေးနိုင်တယ်ဆိုရင် ရုရှားတွေကလည်း ဒီကိုလာဖို့ စိတ်ဝင်စားတယ်။ အထူးသဖြင့် သူတို့ကကမ်းခြေကို အလွန်ကြိုက်တယ်။ ထိုင်းကိုလည်း အလွန်သွားကြတယ်။ ဖူးခက်တို့၊ ဗီယက်နမ်ကမ်းခြေတို့ကို သွားတဲ့အချိန်မှာ တိုက်ရိုက်သွားမယ့်အစား အာဆီယံဒေသရဲ့ Gateway တစ်ခုအဖြစ် မြန်မာပြည်ကို အရင်လာလည်၊ မြန်မာပြည်ကလည်ပတ်စရာတွေကို နှစ်ရက်၊ သုံးရက်လည်ပြီး ကျန်တဲ့ဒေသတွေကိုသွားပါ။ မြန်မာပြည်ကနေတစ်ဆင့် ပြန်မယ်ဆိုရင် Air Flight တွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးပါမယ်ဆိုပြီး ကျွန်တော်တို့ကသွားပြီး ပရိုမိုးရှင်းလုပ်တာ။ ထိုင်းကို ခရီးသွားတွေ သန်း ၃၀ လောက် တစ်နှစ် တစ်နှစ် သွားနေတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံကို ၅ ရာခိုင်နှုန်းလောက်ပဲလာ။ တစ်သန်းခွဲလောက်ပဲလာ၊ နှစ်သန်းလောက်ပဲလာဦး။ လူတစ်ယောက်က ၁၅၀၀၊ ၂၀၀၀ ဒေါ်လာလောက်တော့ သုံးရမယ်။ လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခနဲ့ဆိုရင်ကို ကျွန်တော်တို့ရဲ့တိုင်းပြည်မှာ 3 to 5 ဘီလီယံလောက် US ဒေါ်လာ ဝင်ငွေစီးဆင်းသွားမယ်ပေ့ါနော်။ အဲဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းတွေရကြမယ်။ ဟိုတယ်မှာနေတဲ့လူတွေလည်ပတ်သွားကြမယ်ဆိုရင် သူ့ရဲ့ဝင်ငွေကိုက 10 ဘီလီယံလောက်အထိ တက်သွားနိုင်တယ်ပေ့ါနော်။ ဒါဆိုရင် တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း အများကြီး အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီခရီးသွားလုပ်ငန်းမှာ လူဦးရေများများရအောင် သွားပြီး ပရိုမိုးရှင်း လုပ်တဲ့ပွဲပါခင်ဗျာ။ ကျွန်တော်တို့ အခုပြောရတဲ့အထဲမှာ တော်တော်များများကတော့ အလွန်စိတ်ဝင်စားကြတာပေ့ါနော်။ အရင်တုန်းက မြန်မာပြည်ဘာလဲဆိုတာ သူတို့သိပ်မသိတဲ့လူတွေလည်း ရှိကြတာပေ့ါ။ ရောက်ဖူးတဲ့လူတွေပဲ သိကြတာပေ့ါ။ အဲဒီတော့ မြန်မာပြည်မှာ ဘယ်နေရာတွေက လည်လို့ကောင်းတယ်။ ငြိမ်းချမ်းမှုအခြေအနေလည်း ဘယ်လိုအနေအထားတွေရှိတယ်။ ဘယ်နေရာတွေက သွားလို့ရတယ်။ မကြာခင်မှာတော့ အားလုံးအဆင်ပြေပြေနဲ့သွားလို့ရပါမယ်ပေ့ါနော်။ အဲဒီလိုမျိုးလေး ပြောခဲ့တော့ နှစ်နိုင်ငံလုံးကတော့ စိတ်အားထက်သန်စွာနဲ့ ဒီကိုလာချင်ကြတယ်ပေ့ါနော်။ တိုက်ရိုက်ပျံသန်းခွင့်ရရှိရေးတို့၊ ခရီးသည်တွေသွားလာဖို့၊ လွယ်ကူဖို့အတွက်တော့ သူတို့တောင်းဆိုတာ ဘာသာပြန်လေးတွေ လုံလောက်ဖို့ရယ်၊ ဟိုတယ်အခန်းအရေအတွက် လုံလောက်မယ်ဆိုရင် သူတို့ရဲ့ Tour Package လာလေ့လာပြီးရင် စီစဉ်ပါ့မယ်ပေ့ါ။ ၂၀၂၅ ခုနှစ်ရာသီမှာလည်း မီသလောက်လာမယ်။ ၂၀၂၆-၂၀၂၇ ကိုတော့ ခရီးသည်တွေအများကြီးလာဖို့ သူတို့ဘက်က ခရီးသွားကုမ္ပဏီတွေဘက်ကလည်း အများကြီး စိတ်ဝင်စားတယ်။ နောက်တစ်ခုက အစိုးရ Gover-ment Traveller တွေရှိတယ်။ အစိုးရ အရာရှိမိသားစုဝင်တွေကို သူတို့အစိုးရတွေကပဲ စီစဉ်ပေးတယ်။ အဲဒီလိုခရီးသွားတွေကို တခြားနိုင်ငံလွှတ်မယ့်အစား ကျွန်တော်တို့နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာပြည်ကို လွှတ်လိုက်မယ်ဆိုရင်လည်း ဒီလူဦးရေကပြည့်မီသွားနိုင်တာပေ့ါနော်။ အဲဒါမျိုးလေးရရှိဖို့အတွက် သူတို့ဘက်က Ministry of Tourism တို့၊ Tourism Board တို့ ခရီးသွားအေဂျင်စီတို့နဲ့လည်း ကျွန်တော်တို့ပြောဆိုညှိနှိုင်းနေတာလည်း ရှိပါတယ်။ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ကံကြမ္မာကလည်း အခုကစပြီး ရှေ့လျှောက်ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားတွေလည်း အများကြီးတိုးတက်အောင်မြင်လာလိမ့်လို့ မျှော်လင့်ပါတယ်။ ဘာပဲပြောပြော Positive Thinking ကောင်းတာကို လုပ်တာဖြစ်တဲ့အတွက် ကောင်းတာတွေဖြစ်လာမှာပါလို့ ယုံကြည်ပါတယ်ခင်ဗျာ။ မြန်မာပြည်ကြီး ဖွံ့ဖြိုးစည်ပင်တိုးတက်ပါစေလို့ဆန္ဒပြုပါတယ် ခင်ဗျာ။

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# USAID ဘာလဲ... ဘယ်လဲ

မြင့်မြတ်

**USAID ခေါ် United State Agency for International Development အဖွဲ့အစည်းက မြန်မာနိုင်ငံအိမ်နီးချင်းတွေဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ရွေးကောက်ပွဲနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ပြုတ်ကျရေးမှာ ငွေကြေးပမာဏ အတိုင်းအတာတစ်ခုအထိ ရင်းနှီးမြှုပ်နှံပြီး ဝင်ရောက်စွက်ဖက်ခဲ့ကြဖူးတယ်လို့ ဆိုလာခဲ့ရင် ကျွန်တော့်အနေနဲ့ အငြင်းပွားမှာမဟုတ်ပါ။**

**❖ စာရေးသူအမြင်အရ USAID ဆိုတာ ခေတ္တခဏ ပိတ်သိမ်းရုံမဟုတ်၊ ရာသက်ပန် ပိတ်သိမ်းပြီး လုံးဝမရှိသင့်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်ပါတယ်။ ဆာဟာရဒေသ အာဖရိကအပါအဝင် တစ်ကမ္ဘာလုံးက ဆင်းရဲတဲ့ ပြည်သူတွေအတွက်တော့ တစ်ဖက်က စဉ်းစားရမှာဖြစ်ပေမယ့် မိမိအလိုမလိုက် ဩဇာမခံတဲ့ နိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ပြီး အစိုးရကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းနဲ့ လက်နက်ကိုင်တွေကို တရားမဝင်ကူညီနေတဲ့ လုပ်နည်းလုပ်ဟန်တွေကြောင့်သာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်မိ**

### အမှန်တကယ် အကောင်းဘက် ဦးတည်ခဲ့သလား USAID

၁၉၆၁ ခုနှစ် သမ္မတ ဂျွန်အက်ဖ်ကနေဒီ လက်ထက် ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားအထောက်အပံ့အက်ဥပဒေရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် စတင်သန္ဓေတည်ခဲ့တဲ့ ဝန်ထမ်းအင်အား ၁၀၀၀၀ ခန့်ရှိ US နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီရဲ့ မူလရည်ရွယ်ချက်တွေက သဘောတရားအရ အင်မတန်ကောင်းပါတယ်။ သဘာဝဘေး၊ ဆင်းရဲမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနဲ့ လစ်ဘရယ်အာဂျင်ဒါ စတဲ့ ခေါင်းစဉ်တွေဟာ ကမ္ဘာအနှံ့ကျော်ကြားခဲ့တယ်။ ဒါကြောင့်လည်း စစ်အေးခေတ်ကာလမှာ USAID ဟာ အောင်မြင်မှုတွေရခဲ့ပြီး ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ ပြိုကွဲသွားခဲ့ရတယ်။

အမေရိကန်က တစ်ကိုယ်တော် စူပါပါဝါဖြစ်လာပြီး ကမ္ဘာကြီးကို မင်းမူခွင့်ရခဲ့တယ်။ ၂၀၂၃ ခုနှစ်အတွင်း ဆင်းရဲပြီး စစ်ဖြစ်နေတဲ့ဒေသတွေမှာ အထူးသဖြင့် အစိုးရဆန့်ကျင်တဲ့ လက်နက်ကိုင်ထူပြောရာဒေသတွေမှာ သောက်ရေသုံးရေဖူလုံရေး၊ လာဘ်ပေးလာဘ်ယူပပျောက်ရေး၊ အရေးပေါ်ကယ်ဆယ်ရေးအကူအညီတွေအတွက် USAID က သုံးစွဲခဲ့တဲ့ ၇၃ ဘီလီယံဟာ လက်နက်ကိုင်နဲ့ NGO တွေအတွက်တော့ သည်းခြေကြိုက် အထူးလက်ဆောင်ပေါ့။ ၂၀၂၄ ခုနှစ်မှာဆိုရင်လည်း တစ်ကမ္ဘာလုံးမှာ လူသားချင်းစာနာထောက်ထားမှုပမာဏအားလုံးရဲ့ ၄၂ ရာခိုင်နှုန်းကို USAID က ကူညီခဲ့တာ တွေ့ရတယ်။

### တောင်အာရှနဲ့ နိုင်ငံအချို့အရေးအရာတွေမှာ ဘယ်လိုပါဝင်ပတ်သက်ခဲ့ပါသလဲ

ဆက်လက်ပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံအချို့ရဲ့ နိုင်ငံရေးမှာ USAID က ဘယ်လိုပါဝင်ပတ်သက်ခဲ့ပါသလဲ။ အမှန်တကယ်လည်း အေဂျင်စီဟာ တောင်အာရှ နိုင်ငံရေးအခင်းအကျင်းတွေမှာ အစဉ်အလာမပျက် ဝင်ရောက်စွက်ဖက်ခဲ့ပါတယ်။ သမ္မတဘိုင်ဒင်လက်ထက်မှာ USAID က ၂၀၂၄ ခုနှစ် အိန္ဒိယရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူ လူဦးရေတိုးပွားအောင်ဆိုပြီး high voter turn out ဖြစ်အောင် ရည်ရွယ်ချက်နဲ့ အမေရိကန်အခွန်ထမ်းပြည်သူတွေရဲ့ ငွေကြေးဒေါ်လာ ၂၁ သန်းခန့်ကို သုံးစွဲဖို့ ကြိုတင်လျာထားခဲ့တယ်လို့ ဆိုပါတယ်။

ဒီငွေတွေကို ယခုအခါမှာ အီလွန်မတ်စ်ရဲ့ DOGE Department Of Government Efficiency က ပယ်ဖျက်လိုက်ပါပြီ။

ဘင်္ဂလားဒေ့ရှ်မှာလည်း ၂၀၂၂ ခုနှစ်ကတည်းက USAID က ဒေါ်လာ ၁၃ ဒသမ ၄ သန်းကို အစိုးရကို တော်လှန်မယ့် ဘင်္ဂလားဒေ့ရှ်ကျောင်းသားတွေအတွက် လျှို့ဝှက်လေ့ကျင့်ရေးအစီအစဉ်မှာ သုံးစွဲခဲ့တယ်။ နိုင်ငံရေးနဲ့ နိုင်ငံသားများ ချိတ်ဆက်လှုပ်ရှားခြင်းခေါင်းစဉ်အောက်မှာ USAID က ပေးကမ်းခဲ့တာဖြစ်ပြီး ဒီငွေတွေရဲ့ ဖြားယောင်းမှုအားနဲ့ ဘင်္ဂလားဒေ့ရှ်ကျောင်းသားတွေဟာ နိုင်ငံရေးမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနိုင်ခဲ့တယ်။ ရလဒ်အနေနဲ့ ၂၀၂၄ ရွေးကောက်ပွဲအပြီး ကျောင်းသားတွေ ဦးဆောင်တဲ့ လူထုအုံကြွမှုကြီးဖြစ်ခဲ့ရပြီး ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတစ်ယောက် ပြည်ပစွန့်ခွာထွက်ပြေးရတဲ့အထိ သက်ရောက်မှုက ကြီးမားသွားခဲ့ရတယ်။

ယခင်လ အစောပိုင်းမှာ အီလွန်မတ်စ်ရဲ့ DOGE ကနေ ထရီလီယံနဲ့ချီ အကြွေးထူနေတဲ့ နိုင်ငံဘတ်ဂျက်အသုံးစရိတ်ကို ပြန်လည်စိစစ်တဲ့အခါ ဖြတ်တောက်ခံရမယ့် ခေါင်းစဉ်တွေအောက်မှာ CEPPS အမည်ရ US အခြေစိုက် **“နိုင်ငံရေးနဲ့ ရွေးကောက်ပွဲများဆိုင်ရာ အကျိုးတူပူးပေါင်းအဖွဲ့အစည်း”** တစ်ခုက ကိုင်တွယ်နေတဲ့ ခေါင်းစဉ်တချို့ ပါသွားခဲ့တယ်။ CEPPS မှာက the International Foundation for Electoral System IFES ၊ IRI နဲ့ NDI ဆိုပြီး အဖွဲ့သုံးဖွဲ့ပါဝင်တယ်။ CEPPS က တစ်ဆင့် သုံးစွဲလိုက်တဲ့ USAID ရဲ့ ငွေတွေမှာ အိန္ဒိယရွေးကောက်ပွဲအတွက် ဒေါ်လာ ၂၁ သန်း၊ ဘင်္ဂလားဒေ့ရှ်အတွက် ဒေါ်လာ ၂၉ သန်း၊ နီပေါဖက်ဒရယ်ဘတ်ဂျက်အတွက် ဒေါ်လာသန်း ၂၀ ပါဝင်ခဲ့ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အမေရိကန်စစ်အခြေစိုက်စခန်းဖွင့်ဖို့ ရှိတ်ဟာဆီနာက ငြင်းပယ်ခဲ့ခြင်းဟာ သူပြုတ်ကျခြင်း အကြောင်းရင်းတစ်ခုဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် တရုတ်နဲ့လည်း နီးစပ်မှုရှိနေတဲ့ ရှိတ်ဟာဆီနာကို ဖြုတ်ချဖို့ IRI ကနေ ထိုပမာဏရှိတဲ့ငွေကို ရေရှည်အစီအမံနဲ့ တာဝန်ယူသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ ဒီလိုကူညီမှုမျိုး၊ ဆောင်ရွက်မှုမျိုးတွေဟာ ရိုးသားမှုမရှိ၊ အမှန်တကယ်လိုအပ်တဲ့ ကိစ္စတွေလည်းမဟုတ်ကြောင်း၊ အမေရိကန်ပြည်သူပိုင်ငွေတွေကို သုံးပြီး USAID က နိုင်ငံတကာပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေခြင်းသာဖြစ်တယ်လို့ သမ္မတထရမ့်က စွပ်စွဲပါတယ်။

ဒီအချက်ကို သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်တွေကလည်း သဘောတူကြတယ်။ နိုင်ငံရေးမှာ အားလုံးပါဝင်ရမယ်၊ ဒီမိုကရေစီဖြစ်ရမယ်လို့ ဘယ်လိုပဲဆိုထားပါစေ USAID ပါဝင်ချိတ်ဆက်တဲ့ လှုပ်ရှားမှုတိုင်းမှာ အကျိုးဆက်က မကောင်းလှပါဘူး။ USAID စွက်ဖက်မှုပါတဲ့ နိုင်ငံတိုင်းဟာ နောက်ဆုံးမှာ မတည်မငြိမ်ဖြစ်ခြင်းနဲ့သာ အဆုံးသတ်ခဲ့ရတယ်။ ဒီအချက်ကို ကျောင်းသားနဲ့ လူထုအုံကြွမှုတွေကြောင့် တည်ငြိမ်မှုကင်းမဲ့ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးက သက်သေပြနေပါတယ်။

တောင်အာရှနိုင်ငံများအရေးမှာ USAID ရဲ့ ပတ်သက်မှုက ကျွန်တော်တို့နိုင်ငံနဲ့လည်း ဆက်စပ်နေတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းသလို ကမ္ဘာ အရပ်ရပ်က စွက်ဖက်မှုအချို့ကိုလည်း လေ့လာထားသင့်ပါတယ်။ ၂၀၁၄ ခုနှစ်က ကျူးဘားနိုင်ငံအတွင်း အဖျက်အမှောင့်တွေ ဆောင်ရွက်ဖို့ ဇွန်ဇွန်နီရိ အမည်ရှိ ကျူးဘားတွစ်တာတစ်ခုကို USAID က ဖန်တီးခဲ့သလို ၂၀၂၃ ခုနှစ်က မက္ကဆီကိုတရားဝင်အစိုးရကိုဝေဖန်တဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေကို USAID က ထောက်ပံ့ပေးနေကြောင်း မက္ကဆီကိုသမ္မတက စွပ်စွဲခဲ့တဲ့အတွက် အမေရိကန်အစိုးရကိုယ်တိုင် ဖြေရှင်းပေးခဲ့ရဖူးပါတယ်။

အာဏာရှင်ဆန့်ကျင်ရေး အမည်တပ်ထားပေမယ့် စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တဲ့ ကွန်ဂိုလိုအာဏာရှင်နိုင်ငံမှာ ဆန့်ကျင်ဘက်စံနှစ်မျိုးကို အသုံးပြုခဲ့ကြပြန်တယ်။ USAID က ဘယ်လိုနည်းလမ်းတွေ ကျင့်သုံးခဲ့သလဲ၊ Democracy ideology တွေကို တစ်ဖက်သတ်ရိုက်သွင်းရာမှာ လူသားချင်းစာနာမှုစကားလုံးတွေက အတော်အားကောင်းခဲ့တာ တွေ့ရတယ်။ အမေရိကန်ရဲ့ ပထဝီနိုင်ငံရေးအကျိုးစီးပွားအရ ပစ်မှတ်နိုင်ငံတွေရဲ့ ပြည်တွင်းရေး ဝင်စွက်ဖက်တဲ့နေရာမှာ တကယ့်လက်နက်ကောင်း အစွမ်းထက်တဲ့ ယန္တရားတွေဖြစ်ခဲ့ပါတယ်။

USAID ဟာ အပေါ်ယံမှာ လူသားချင်းစာနာမှုသဘောတရားကို အခြေခံပေမယ့် တကယ့်အမှန်က ရုရှားနဲ့ တရုတ်နိုင်ငံတို့ကို ထိန်းချုပ်ဖို့ပါ။ စစ်အေးခေတ်မှာ ဆိုဗီယက်ကွန်မြူနစ်တို့ ကျဆုံးပြီးနောက် အားလုံးသိတဲ့အတိုင်း အင်အားကြီးမားလာတဲ့ ရုရှားနိုင်ငံနဲ့ BRI နဲ့ ကမ္ဘာပတ်မယ့် တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ကြိုးစားရာမှာ USAID က မပါရင်မပြီးတဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ ဒါဆိုရင် အမေရိကန်အကျိုးအတွက် ဒီလောက်ကောင်းတဲ့ အဖွဲ့အစည်းမျိုးနဲ့ လုပ်ဆောင်ချက်တွေကို သမ္မတထရမ့်နဲ့ DOGE ခေါင်းဆောင် အီလွန်မတ်စ်တို့က ဘာကြောင့် ဟန့်တားနေရပါသလဲ အကြောင်းရှိပါလိမ့်မယ်။

ထရမ့်ကဆိုရင် ဒီအဖွဲ့ကို ရာဇဝတ်သားလူမိုက်တစ်သိုက်ကွန်းခိုရာ Criminal Organization အဖွဲ့ကြီး၊ ဒုစရိုက်လောကသားတို့စုစည်းရာအဖွဲ့ကြီးတစ်ခုအဖြစ် စွပ်စွဲခဲ့တာကြည့်ရင် ဒီအဖွဲ့ရဲ့ အနေအထားကို ခန့်မှန်းနိုင်ပါလိမ့်မယ်။ အခုတော့ အဖွဲ့ရဲ့ပရိုဂရမ်တွေ၊ ပရောဂျက်တွေဟာ အမေရိကန်နိုင်ငံနဲ့ ပြည်သူတွေအတွက်ရော ကမ္ဘာကြီးအတွက်ပါ အကျိုးရှိ၊ ထိရောက်မှုရှိ မရှိ၊ ပွင့်လင်းမြင်သာမှုရှိ မရှိ စိစစ်သုံးသပ်နေစဉ်မှာ လုပ်ငန်းအများစုဟာ ခေတ္တရပ်တန့်နေရပါပြီ။ လတ်တလော အေဂျင်စီ အရာထမ်းအမှုထမ်း ဒါဇင်ပေါင်းများစွာဟာလည်း မိမိတို့လုပ်ငန်းခွင်ကနေ နားကုန်ကြရပါပြီ။

### အတွေးအခေါ်တွေ ရိုက်ထည့်ရာ

USAID ကို ခေတ္တပိတ်သိမ်းပြီး အရေးပေါ်လုပ်ငန်းများမှအပ လုပ်ငန်းတွေ ရပ်ဆိုင်းထားရတဲ့အတွက် အထူးသဖြင့် ကျန်းမာရေးဘက်မှာ သက်ရောက်မှုတွေရှိလာနေတဲ့အပေါ် ဒီမိုကရက်နဲ့ အကူအညီပေးအဖွဲ့တွေဘက်က ဝေဖန်မှုတွေ သောသောညံနေတာ တွေ့ရပါတယ်။ USAID မှ မရှိရင် ကမ္ဘာကြီးတစ်ခုလုံး ဒုက္ခရောက်တော့မယ့်ပုံစံမျိုး၊ ဒီအချက်က ဘာကိုပြသလဲဆိုရင် အပြောင်းအလဲမှာ ပြောင်းလဲစီမံခန့်ခွဲမှုအရည်အသွေးမရှိခြင်းကိုပါ လက်ညှိုးထိုးရလိမ့်မယ်။ USAID ရဲ့ ကမ္ဘာတစ်ဝန်း ကူညီထောက်ပံ့မှုတွေမှာ ကောင်းတာတွေ အများကြီးရှိပါတယ်။

ခေါင်းစဉ်တွေကကောင်းတယ်၊ လက်တင်အမေရိကမှာ ၁၉၈၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်နေတဲ့ ဘိန်း၊ ကိုကင်းတိုက်ဖျက်ရေး စီမံကိန်းတွေရှိခဲ့တယ်။ ဒါပေမယ့် ထိုဒေသတွေမှာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု အမှန်တကယ် ပပျောက်သွားပြီလား။ ဒေသခံတွေအတွက် တကယ်ရော အကျိုးရှိထိရောက်ရဲ့လား... အထူးသဖြင့်

*စာမျက်နှာ ၁၁ သို့*

**“အကူအညီကြောင့် မိမိတိုင်းပြည်မှာ ဘာတွေပြောင်းလဲသွားမလဲ၊ တိုးတက်မှုဘက် ပြောင်းလဲရင် လက်ခံမယ်၊ ပူးပေါင်းလုပ်ဆောင်မယ်၊ တည်ငြိမ်မှုကင်းပြီး အပျက်ဘက် ဦးတည်မယ်၊ ဖွံ့ဖြိုးမှုနှောင့်နှေးပြီး အကျိုးမရှိမယ့် အခြေအနေဆိုရင်တော့ ငြင်းဆန်ပယ်ချရပါမယ်။ တစ်ခါတစ်ရံမှာ အကျိုးစီးပွားချင်း ပဋိပက္ခအသွင်ဆောင်ပြီး ကြားညပ်မယ့်အနေအထား Proxy ဘက် ရောက်မသွားစေဖို့လည်း သတိပြုကြရပါမယ်”**

# ပုဇွန်တောင်မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း (၉၃) ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲ စာအောင်ဆုနှင်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၉၃) ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ဘုရားဖြူကျောင်းတိုက်ရှိ သံဃသမိတိကျောင်းတိုက်၌ မတ် ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အသင်းကြီး၏ နာယကဆရာတော် ဩဝါဒစရိယ နိုင်ငံတော်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ သာယာကုန်းပြဿဒ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အသင်းကြီး၏ နာယကဆရာတော် ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဩဝါဒကထာ ဟောကြား ချီးမြှင့်တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း ဝိနည်းစာတော်ပြန်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ၁၃၈၆ ခုနှစ် နတ်တော်လတွင် ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၉၃) ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲတွင် အတန်းစုံ ၆၆၅ ပါး ဖြေဆိုခဲ့ကြောင်း စာချတန်း (ဝိနယပါရဂူ) (၃)ကျမ်းစွဲ တစ်ပါး၊ တစ်ကျမ်းစွဲတစ်ပါး၊ အကြီးတန်း (ဝိနယဝိသာရဒ) နှစ်ပါး၊ အလတ်တန်း (ဝိနယဆေက) ၁၀ ပါး၊ အငယ်တန်း (ဝိနယကောသလ္လ) အပါး ၄၀၊



မူလတန်း(သာမဏေရဝိနယမူလ) ၁၀၇ ပါး စုစုပေါင်း ၁၆၁ ပါး ဖြေဆိုအောင်မြင်ခဲ့ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမင်းဟန်နှင့် အဖွဲ့ဝင်(၃) ဦးအောင်ထွန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ နာယကများနှင့် ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် အလှူရှင်များက ဆရာတော်သံဃာတော်များနှင့် စာအောင်သံဃာတော် အရှင်မြတ်တို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အသင်းကြီး၏ နာယကဆရာတော် ဝိနယပါရဂူ ဘဒ္ဒန္တကောသရာဘိဝံသထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာကြား၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **ဟန်စုယဉ်**

# ကျောက်တံခါးမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကျောက်တံခါး မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို မတ် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက ယခုသင်တန်းသည် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးပါက အရင်းအနှီးနည်းနည်းဖြင့် လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး မိသားစု စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြား သည်။ အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် မတ် ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သန်လျင်မြို့ ခေမာရာမသီလရှင်စာသင်တိုက် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်ချမ်းသာ (၁)ရပ်ကွက်ရှိ ခေမာရာမသီလရှင်စာသင်တိုက်မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Subh-arti University မှ ပါရဂူ (Ph.D) ဘွဲ့ရ ဆရာလေးတစ်ပါးနှင့် အစိုးရသာသနာ့ဓဇမ္မာစရိယ ဘွဲ့တံဆိပ်တော် ရရှိခဲ့ကြသော ဆရာလေးခုနစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၉ ရက်က ကျင်းပသည်။



ဦးစွာ ဘွဲ့တံဆိပ်တော်ရ ဆရာလေးများကို ရာဇာဝင်း၊ ဒေဝါဝင်းခင်း၍ မြို့နယ်အတွင်း လှည့်လည် ပူဇော်ကြသည်။ ထို့နောက် ဂုဏ်ပြုပူဇော်ပွဲကို ကျောင်းတိုက်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ စန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော် ရရှိခဲ့ကြသည့် ဆရာလေးများအား ခေမာရာမ သီလရှင်စာသင်တိုက် ပဓာနနာယကဆရာကြီး ဒေါက်တာ ဒေါ်စန္ဒာ၊ သန်လျင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုအတွက် အလှူရှင်များက နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ရေစက်ချတရား နာယူခဲ့သည်။ **သန်းဝင်း(သန်လျင်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၀ မှ*

USAID ရဲ့ အသုံးနဲ့ အဖြုန်းကဏ္ဍတွေမှာ မေးစရာမေးခွန်းများစွာ ရှိလာနေတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအကူအညီမှန်ရင် သက်ဆိုင်ရာအစိုးရမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး။

ဒါပေမယ့် အကူအညီရတဲ့ နိုင်ငံတော်တော်များများမှာ ကြွေးမြီထူပြောတဲ့ နောက်ဆက်တွဲပြဿနာက ပြောစရာဖြစ်နေပြန်တယ်။ ထို့အပြင် USAID Scholar အများစုမှာ အမေရိကန်တန်ဖိုးနဲ့ အိုင်ဒီယာတွေ သွတ်သွင်းခံထားရတဲ့အတွက် သူ့မိခင်နိုင်ငံအတွက် အလုပ်အကျွေးမဖြစ်ဘဲ အဆုံးမှာ အမေရိကန်အကျိုးအတွက်ပဲ ဖြစ်သွားတာတွေ ရှိနေပြန်တယ်။ တချို့ဆို ကိုယ့်နိုင်ငံကို ပြန်ဆန့်ကျင်မိတဲ့အထိ brainwash လုပ်ခံလိုက်ရတဲ့ ဖြစ်ရပ်တွေဟာ မိခင်နိုင်ငံအတွက်တော့ တကယ့်ဆုံးရှုံးမှုကြီးပါပဲ။ ဒါကြောင့် USAID ကပေးတဲ့ ဒေါ်လာမျိုးကို နိုင်ငံအတော်များများက မလိုချင်ကြပါဘူး။

## အမှန်သိလာကြပါပြီ

မှန်ပါတယ်၊ သမ္မတထရမ့်တို့လုပ်ရပ်ဟာ ယခုအချိန်မှာ မှန်ကန်မှုရှိတယ်လို့ ဆိုချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံက တစ်ကမ္ဘာလုံးကို အထောက်အပံ့ပေး အဖွဲ့အစည်းတစ်ခုအနေနဲ့ ပွင့်လင်းမြင်သာမှု ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်နဲ့ အဂတိကိစ္စတွေမှာ တာဝန်ယူတာဝန်ခံမှုရှိသင့်တယ်လို့မြင်ပါတယ်။ အားလုံးအတွက် တရားမျှတမှု ရှိရပါမယ်၊ ထရမ့် ထောက်ပြတာက လူပြိန်းကြိုက်မူဝါဒအောက်က စကားလုံးလှလှတွေနဲ့ ဆီးသီးဗန်းမှောက်ပွဲတော်ကြီး ဖြစ်နေလောက်အောင်ကို မတော်မတရားမှုတွေ ကြီးစိုးနေခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

စစ်တမ်းတွေအရလည်း အမေရိကန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းက အမေရိကန်အစိုးရရဲ့ နိုင်ငံခြားအထောက်အပံ့တွေအပေါ်မှာ အယုံအကြည်မရှိပါဘူး။ ကိုယ့်အစိုးရက ကိုယ့်နိုင်ငံသားတွေကို ပိုဂရုစိုက်တာပဲလိုချင်ကြတယ်။ မိမိနိုင်ငံရဲ့ ကျန်းမာရေး၊ ပညာရေးအတွက် ပုံအောသုံးရမယ့်အစား နိုင်ငံတကာအပေါ် ပိုဂရုစိုက်ပြနေခြင်းကို မယုံကြည်ကြတော့ပါဘူး။

အေဂျင်စီက ဝန်ထမ်းတွေအတွက်သုံးရတဲ့ အုပ်ချုပ်မှုကိစ္စတွေနဲ့တင် အမေရိကန်ပြည်သူတွေရဲ့ ငွေတွေ ကုန်ကျနေရတဲ့အချက်ကို ဝေဖန်ထောက်ပြကြတယ်။ သူများနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး မတည်မငြိမ်ဖြစ်အောင်လုပ်၊ ကိုယ်မကြိုက်တဲ့အစိုးရ၊ ကိုယ့်ဩဇာမခံတဲ့ ခေါင်းဆောင်ဆို ဖြုတ်ချ၊ နိုင်ငံပြိုကွဲအောင် လူ့အဖွဲ့အစည်းတွေပြိုလဲအောင် ကျင့်ဝတ်သိက္ခာမဲ့တဲ့ နိုင်ငံသားတွေဖြစ်သွားအောင် ကြံစည်ကြိုးပမ်းနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ကြိုးကိုင်အဖွဲ့အစည်းများစွာထဲမှာ USAID အပြင် NED လိုအဖွဲ့တွေ၊ ဆိုးရော့ဇ်ရဲ့ OSF လိုအဖွဲ့အစည်းတွေလည်း ပါဝင်နေတဲ့အတွက် အမေရိကန်ပုံရိပ်ကျဆင်းနေရခြင်းကို အမေရိကန်ပြည်သူတွေ သိသင့်သလောက် သိနေကြပါပြီ။

စာရေးသူအမြင်အရ USAID ဆိုတာ ခေတ္တခဏ ပိတ်သိမ်းရုံမဟုတ်၊ ရာသက်ပန် ပိတ်သိမ်းပြီး လုံးဝမရှိသင့်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်ပါတယ်။ ဆာဟာရဒေသ အာဖရိကအပါအဝင် တစ်ကမ္ဘာလုံးက ဆင်းရဲတဲ့ပြည်သူတွေအတွက်တော့ တစ်ဖက်က စဉ်းစားရမှာဖြစ်ပေမယ့် မိမိအလိုမလိုက် ဩဇာမခံတဲ့နိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ပြီး အစိုးရကို ဆန့်ကျင်တဲ့အဖွဲ့အစည်းနဲ့ လက်နက်ကိုင်တွေကို တရားမဝင်ကူညီနေတဲ့ လုပ်နည်းလုပ်ဟန်တွေကြောင့်သာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်မိခြင်းဖြစ်ပါတယ်။

တစ်ဖက်မှာ တရုတ်နိုင်ငံက အာဖရိကနဲ့ လက်တင်အမေရိကဒေသတွေမှာ လွှမ်းမိုးလာနေတာကို အမေရိကန်က စိုးရိမ်နေတာကြောင့်လည်း တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဆိုင်မှုက ဆက်လက်ပြင်းထန်နေဦးမယ်လို့ ယူဆပါတယ်။ အမေရိကန်အနေနဲ့ USAID ကို စွန့်လွှတ်ပြီး တရုတ်ရဲ့ လက်ရှိတိုးတက်နေတဲ့လမ်းကြောင်းကို အကန့်အသတ်မရှိဖွင့်ပေးလိုက်သလိုဖြစ်မှာကိုတော့ ရှောင်မယ်ထင်ပါတယ်။ အမှန်တကယ် စာနာမှုအကြောင်းပြ ပြည်ပအကူအညီမှန်သမျှဟာ သူ့အကျိုးစီးပွားသာ ပထမဦးစားပေးဖြစ်တဲ့အတွက် ယူသင့်မှယူတာကောင်းပါတယ်။ သူတော်ကောင်းယောင်စိတ်ထားနဲ့ ချည်ထားတဲ့နှောင်ကြိုးဟာ မခိုင်မြဲကြောင်း သိဖို့လိုပါတယ်။

ဒီမိုကရေစီအရေး၊ ပညာရေး၊ ကျန်းမာရေး အကြောင်းပြ အဖျက်အမှောင့် လျှို့ဝှက်အကူအညီမျိုးတွေ၊ လက်နက်ပေးပြီး အချင်းချင်းတိုက်ခိုင်းမယ့် ပြည်ဖျက်အကူအညီမျိုးတွေကိုတော့ အထူးသတိထားရပါမယ်။ ပေးနေတဲ့အကူအညီ လက်ဖြန့်တောင်းနေရတဲ့ အခြေအနေမျိုးမှာ ရုတ်တရက်ရပ်ဆိုင်းခံလိုက်ရတဲ့ ယူကရိန်းဥပမာကိုကြည့်ပြီး USAID တို့ Burma Act တို့နဲ့ အလုပ်ဖြစ်နေတဲ့ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့လည်း မြင်သင့်တာမြင်နေဖို့၊ မမျှော်အပ်တာ မမျှော်ကြဖို့လိုပါတယ်။

အကူအညီကြောင့် မိမိတိုင်းပြည်မှာ ဘာတွေပြောင်းလဲသွားမလဲ၊ တိုးတက်မှုဘက်ပြောင်းလဲရင် လက်ခံမယ်၊ ပူးပေါင်းလုပ်ဆောင်မယ်၊ တည်ငြိမ်မှုကင်းပြီး အပျက်ဘက်ဦးတည်မယ်၊ ဖွံ့ဖြိုးမှုနှောင့်နှေးပြီး အကျိုးမရှိမယ့်အခြေအနေဆိုရင်တော့ ငြင်းဆန်ပယ်ချရပါမယ်။ တစ်ခါတစ်ရံမှာ အကျိုးစီးပွားချင်း ပဋိပက္ခအသွင်ဆောင်ပြီး ကြားညပ်မယ့်အနေအထား Proxy ဘက် ရောက်မသွားစေဖို့လည်း သတိပြုကြရပါမယ်။

ဘယ်လိုဖြစ်ဖြစ်ပါ။ လက်တွေ့အရတော့ မစိုးမပို့ ပြည်ပအကူအညီကနေ နေ့ချင်းညချင်း ရုတ်တရက်ကြီးပွားတိုးတက်သွားတဲ့ နိုင်ငံအဖွဲ့အစည်းမျိုးကရှားပါတယ်။ မရှိသလောက်ပါပဲ။ သေချာတာက ပျက်စီးဖို့ကတော့ ချက်ချင်းဖြစ်နိုင်မယ်။ နောက်ဆုံးအဓိကအချက်အနေနဲ့တော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဆိုတာ ပြည်ပအကူအညီနဲ့ ဘယ်တော့မှ မရနိုင်ဘူးဆိုတဲ့အချက်ပဲ... သဘောပေါက်ဖို့၊ အမြော်အမြင်ရှိရှိ ဆင်ခြင်သုံးသပ်နိုင်ဖို့နဲ့ သင်ခန်းစာယူသင့်သလောက် ယူနိုင်ကြဖို့ပါပဲ။ ။

❑ *ကျော့ဖုံးမှ*

ကေဇင်ထွန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆေးတက္ကသိုလ်(မန္တလေး)၌ ပညာသင်ကြားခဲ့ပြီး ကလေးဆေးရုံကြီး(မန္တလေး)နှင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)မှ ဆေးပညာဘွဲ့လက်မှတ်ရရှိခဲ့ပြီး ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိဘဲ ပြည်ပသို့ တရားမဝင်ထွက်ခွာသွားခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyal Civil Servant–DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ်– မန္တလေး၊ ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)မှ တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာ ဘွဲ့လက်မှတ်(အတု)ဖြင့် ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန်အတွက် တရားမဝင် လျှောက်ထားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ် ၄ ရက်တွင် ဒူဘိုင်းမြို့ရှိ The Data flow Group Company မှ ကေဇင်ထွန်း၏ ပညာဆက်လက်သင်ကြားရန် လျှောက်ထားမှုနှင့် ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်အား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိဆေးတက္ကသိုလ်(မန္တလေး)သို့ အကြောင်းကြားလာခဲ့ရာ အဆိုပါ ယာယီဆေးပညာဘွဲ့လက်မှတ်အား တာဝန်ရှိသူများက စိစစ်ခဲ့ရာ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပေးသည့် ယာယီဆေးပညာဘွဲ့လက်မှတ် (အတု)ဖြစ်ကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်သတင်းပို့တင်ပြခဲ့သည်။

ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ် (အတု) ပြုလုပ်ပေးခဲ့မှုနှင့်ပတ်သက်၍ စိစစ်ရန်အတွက် ၂၀၂၅ ခုနှစ် မတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေ လှဝင်း၊ လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွင် (ခ)လပြည့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးတို့ ၃ ဦးကိုလည်းကောင်း၊ မတ် ၆ ရက်တွင် Notary ဌာနစိတ် (ရန်ကုန်)မှ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦး၊ ကျောက်တံတားမြို့နယ်ရှိ အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ Angel Online Notary Service လုပ်ကိုင်သူ အိလဲ့လဲ့ထွန်းတို့ ၄ ဦးကိုလည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

ငင်းတို့ကို စိစစ်ရရှိချက်များအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကေဇင်ထွန်းမှ အိလဲ့လဲ့ထွန်း (Angel Online Notary Service)အား ဆက်သွယ်၍ ငင်း၏ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)အား Notary (သက်သေခံချက်) ပြုလုပ်ပေးရန် ငွေကြေးပေး၍ စေခိုင်းခဲ့ရာ အိလဲ့လဲ့ထွန်းမှ ကေဇင်ထွန်း၏ ဘွဲ့လက်မှတ် (အတု)အား Notary (သက်သေခံချက်)ပြုလုပ်ရန်နှင့် Notary ဌာနစိတ် (ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ဇာနည်လွင် (ခ)လပြည့်(လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်) အား ငွေကြေးပေး၍ ထပ်မံစေခိုင်းခဲ့ကြောင်း၊ ဇာနည်လွင် (ခ)လပြည့်သည် ငင်း Notary (သက်သေခံချက်) (အတု) အား ရှေ့နေ လှဝင်း(ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)ထံသို့ ငွေကြေးပေး၍ ရှေ့နေလက်မှတ်ရေးထိုးစေခဲ့ပြီး အေးသီတာ (အောင် Notary ဆိုင်ပိုင်ရှင်)နှင့်ချိတ်ဆက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်လက်မှတ်ရရှိနိုင်ရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အေးသီတာသည် ငင်း Notary(သက်သေခံချက်) (အတု)အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုတြီဌာနစိတ် (ရန်ကုန်)တွင် လက်မှတ်ရေးထိုးနိုင်ရန် ပွဲစား ခိုင်ခိုင်(ထွက်ပြေးတိမ်းရှောင်)အား ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း သိရှိရသည်။


ပွဲစား ခိုင်ခိုင် (ထွက်ပြေးတိမ်းရှောင်) သည် ကေဇင်ထွန်း၏Notary (သက်သေခံချက်) (အတု) အား Notary ဌာနစိတ်(ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့အား ငွေကြေးပေး၍ ဆောင်ရွက်စေခဲ့ကြောင်း၊ ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့က Notary(သက်သေခံချက်)(အတု) အား ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး ထံသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးမှ ငွေကြေးရယူ၍ ငင်း Notary (သက်သေခံချက်)(အတု)အား လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီမှ ထုတ်ပေးခဲ့သည့် တရားမဝင် ယာယီဆေးပညာဘွဲ့လက်မှတ်အတုဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် လျှောက်ထားသည့် ကေဇင်ထွန်းအား Black List (အမည်မည်းစာရင်း) ရေးသွင်း၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)အား Notary(သက်သေခံချက်) ပြုလုပ်ပေးခဲ့သူများဖြစ်ကြသော အိလဲ့လဲ့ထွန်း(Angel Online Notary Service)၊ ဇာနည်လွင်(ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)၊ ရှေ့နေ လှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)နှင့် အေးသီတာ (အောင် Notary ဆိုင်ပိုင်ရှင်) တို့ ၄ ဦးကို လည်းကောင်း၊ ငင်းဘွဲ့လက်မှတ်(အတု) အား ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး၊ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦးတို့ ၃ ဦးကိုလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ပွဲစား ခိုင်ခိုင်အားလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏ သား/သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော တက္ကသိုလ်များတွင်သာ တက်ရောက်ပညာသင်ကြားစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့မှ တရားမဝင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများတွင် စာသင်ကြားမှုများ မပြုလုပ်ရန်၊ ငင်းတရားမဝင်တက္ကသိုလ်များ၊ ပညာရေးကျောင်းများ၊ အွန်လိုင်းပညာရေးစနစ်များနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား Notary(သက်သေခံချက်)ပြုလုပ်ပေးခဲ့သည့် တရားခံများဖမ်းဆီးရမိမှု






ရှေ့နေ လှဝင်း၏ Notary (သက်သေခံချက်)ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မှတ်ပုံတင်စာအုပ်နှင့် တံဆိပ်တုံးများကို တွေ့ရစဉ်။

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**
နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဥပဒေ(မူကြမ်း) ရေးဆွဲရခြင်းအပေါ် ရှင်းလင်းတင်ပြဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) သည် ပြင်ဆင်ရန် လိုအပ်သော ဥပဒေ(မူကြမ်း) ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရကြောင်း ပြောကြားပြီး အဆိုပါ ဥပဒေ(မူကြမ်း)အား ပြင်ဆင်နိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၀**
နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ် မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥကရစ်ဘွန်တန်နွန်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး



တရားမဝင် ဝင်ရောက်လာသူ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

H.E. Mr. Pranav .Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာ - ထိုင်း - တရုတ် သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းအသုံးပြု လိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး လွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်မည့် ကိစ္စရပ်များဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ - မယ်ထော်သလေး နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၁၉၉ ဦးကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၄၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၅၁၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၅။ Myawady Webportal
https://myawady.net.mm
၆။ Myanmar National Portal
https://myanmar.gov.mm


❍ *ကျောဖုံးမှ*

ဂိုးပြတ်အနိုင်ယူပြီး လက်ကျန်နှစ်ပွဲအလိုတွင် ဒုတိယနေရာမှ MH Dream Team အသင်းကို ကိုးမှတ်ဖြတ်နိုင်ခဲ့သဖြင့် စောစီးစွာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် နှစ်ရာသီဆက်တိုက် အောင်မြင်မှုနှင့် ဝေးကွာနေမှုကို ယခုရာသီတွင် အဆုံးသတ်နိုင်ခဲ့ပြီး ချန်ပီယံဆု တစ်ကျော့ပြန် ရယူနိုင်ခဲ့သည်။ ထို့ပြင် MH Dream Team အသင်းမှာလည်း လက်ကျန်နှစ်ပွဲအလိုတွင် ဒုတိယနေရာရရန် သေချာခဲ့သည်။

ပွဲစဉ် (၁၆) အပြီးတွင် MIU အသင်းက ရမှတ် ၄၇ မှတ်ဖြင့် ပထမ၊ MH Dream Team အသင်းက ၃၈ မှတ်ဖြင့် ဒုတိယဆုရရှိခဲ့ပြီး ယင်းနှစ်သင်းနောက်တွင် VUC အသင်းနှင့် YRG အသင်းတို့က ၂၇ မှတ်စီ၊ Generations အသင်းနှင့် M2K အသင်းတို့က ၂၂ မှတ်စီ၊ Winner Soccer အသင်းက ၁၆ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၁ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ် ရရှိထားသည်။

လက်ကျန်ပွဲစဉ် နှစ်ခုကို မတ် ၁၃ ရက်နှင့် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

မန်ယူအသင်းသည် ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုကြောင့် ရုန်းကန်ခဲ့ရသော်လည်း တန်ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချနိုင်ခဲ့သည်။ မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် ပထမပိုင်းပွဲကစားချိန် ပြည့်ခါနီးတွင် ရရှိခဲ့သော အလွတ်တည်ကန်ဘောမှတစ်ဆင့် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းကလည်း လူစားလဲမှုများပြုလုပ်ပြီး ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၇၄ မိနစ်တွင် ရရှိခဲ့သည်။ **အောင်ဇော်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၀** – ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သော မတော်တဆမှားယွင်းဗုံးကြဲမှုအတွက် တောင်ကိုရီးယားလေတပ် တောင်းပန်




**ဆိုးလ် မတ် ၁၀**

ပြီးခဲ့သည့် သီတင်းပတ်တွင် စစ်ရေးလေ့ကျင့်မှု ပြုလုပ်သည့် နေရာပြင်ပသို့ မတော်တဆမှားယွင်း ဗုံးကြဲချမှု၏ အဓိကအကြောင်းရင်းမှာ လေယာဉ်မှူး၏ အမှားကြောင့်ဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောသည်။

တောင်ကိုရီးယားလေတပ် အကြီးအကဲက အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး တောင်းပန်ထားသည်။ အရပ်သား ၁၉ ဦးအပါအဝင် လူပေါင်း ၃၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သော ယင်းမှားယွင်းဗုံးကြဲချမှုနှင့်ပတ်သက်ပြီး တောင်ကိုရီးယားတပ်မတော်က မတ် ၁၀ ရက်တွင် ကြားဖြတ်အစီရင်ခံစာ တစ်ခု ထုတ်ပြန်ခဲ့သည်။

ကေအက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်နှစ်စင်းက တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၏ မြောက်ဘက် ၄၀ ကီလိုမီတာခန့်အကွာ ပိုချွန်းမြို့ပြင်တွင် မတ် ၆ ရက်က ဗုံးရှစ်လုံး မှားယွင်းကြဲချမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လီယောင်ဆူးက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ပေးရမည့် လေတပ် အနေဖြင့် ၎င်းတို့ကို ထိခိုက်နစ်နာစေခဲ့ကြောင်း ပြောကြားကာ သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် တောင်းပန်ခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် ၎င်းတို့၏ ပုံမှန်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မတ် ၁၀ ရက်တွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ တားဆီးကာကွယ်ရေးအစီအမံများ စနစ်တကျ ချမှတ်မှု မပြီးမချင်း လက်နက်အစစ်များဖြင့် ပစ်ခတ်မှုများကို ဆိုင်းငံ့ထားကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကနေဒါနိုင်ငံ၏ လက်ရှိအာဏာရ လစ်ဘရယ်ပါတီခေါင်းဆောင်အဖြစ် မက်ကာနေး ရွေးချယ်ခံရ

**အော့တဝါ မတ် ၁၀**

ကနေဒါဘဏ်အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦးဖြစ်သူ မက်ကာနေး သည် ကနေဒါနိုင်ငံ၏ အာဏာရ လစ်ဘရယ်ပါတီ၏ ခေါင်းဆောင် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။




ကနေဒါ ဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုး၏ နေရာတွင် ဆက်ခံမည့်သူကို ရွေးချယ်ရန် မတ် ၉ ရက်က မဲရေတွက်မှုများ ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ် ထရူးဒိုးသည် ကနေဒါအစိုးရအဖွဲ့ကို ၂၀၁၅ ခုနှစ် ကတည်းက ဦးဆောင်ခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ် ထရူးဒိုး ရာထူးမှတရားဝင်နုတ်ထွက်ပြီးနောက်တွင် ကာနေးက ကနေဒါနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဖြစ်သည်။ ကာနေးသည် ကနေဒါမှသွင်းကုန်များအခွန်စည်းကြပ်မည့်အပေါ် တင်းတင်းမာမာ ရပ်တည်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့နှင့် ဆက်ဆံရေးတွင် စိန်ခေါ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ကနေဒါနိုင်ငံမှ ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဟု ထရမ့်က ကြေညာခဲ့ပြီး တရားမဝင် မူးယစ်ဆေးဝါးများကို ကနေဒါမှ တစ်ဆင့် အမေရိကန်သို့ မှောင်ခိုတင်သွင်းနေကြောင်းလည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန် အကျဉ်းထောင်များမှ အာဖဂန် အကျဉ်းသား ၂၁ ဦး လွှတ်မြောက်

**ကဘူးလ် မတ် ၁၀**

ပါကစ္စတန်၌ အကျဉ်းကျနေသည့် အာဖဂန်အကျဉ်းသား စုစုပေါင်း ၂၁ ဦးကို လွှတ်ပေးပြီး ၎င်းတို့၏ မွေးရပ်မြေ အာဖဂန်နစ္စတန်သို့ ပြန်လည်ရောက်ရှိလာကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဆိုင်ရာ ဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်တွင် နှစ်လမှ ၂၅ လအထိ အကျဉ်းချခံခဲ့ရသည့် အကျဉ်းသား ၂၁ ဦး လွတ်မြောက်လာပြီးနောက် မတ် ၉ ရက်တွင် အာဖဂန်နစ္စတန်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်းနှင့် ပြီးခဲ့သည့် လေးလအတွင်း အီရတ်တွင် ထိန်းသိမ်းခံထားရသော အာဖဂန်နိုင်ငံသား နှစ်ဦးကိုလည်း မတ် ၈ ရက်က ပြန်လွှတ်ပေးခဲ့ပြီး အာဖဂန်နစ္စတန်သို့ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။

လက်ရှိတွင် အာဖဂန်နိုင်ငံသား ၈၀၀၀ မှ ၉၀၀၀ အထိ ပြည်ပတွင် အကျဉ်းချခံနေရပြီး အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ထိန်းသိမ်းခံထားရကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမနှစ်လအတွင်း ကော်ဖီတင်ပို့မှု မြင့်တက်ပြီး ဝင်ငွေ ကန်ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံရရှိ

**ကော်ဖီတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၆ ဘီလီယံရရှိရေး မျှော်မှန်းလုပ်ဆောင်**

**ဟန်နွိုင်း မတ် ၁၀**

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုမှာ ယခုနှစ် ပထမနှစ်လအတွင်း ၂၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကို ကိုးကားပြီး မတ် ၁၀ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ယင်းကာလအတွင်း ကော်ဖီတန်ချိန် ၂၈၄၀၀၀ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံ ရရှိခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။

ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ပျမ်းမျှကော်ဖီဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၇၄ ဒသမ ၅ ဒေါ်လာရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၇၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ရရှိရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**






## မွန်ဂိုလီးယား၌ ယခုနှစ် တောမီးလောင်မှုကြောင့် သစ်တောမြေနှင့် မြက်ခင်းပြင် ဟက်တာ ၇၁၀၀၀ ကျော် ဆုံးရှုံး

**အူလန်ဘာတာ မတ် ၁၀**

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ယခုနှစ်အစပိုင်းမှ စတင်ကာ သစ်တောနှင့်လွင်ပြင်မီးလောင်မှု ၁၄ ကြိမ် ဖြစ်ပွားခဲ့ပြီး သစ်တောနှင့် မြက်ခင်းပြင်ဧရိယာ ၇၁၄၉၅ ဟက်တာ မီးလောင်ခဲ့ကြောင်း နိုင်ငံ၏ အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက မတ် ၁၀ ရက်တွင် ပြောကြားသည်။

တောမီးငြိမ်းသတ်ရန်အတွက် လူအင်အား ၈၂၀ ခန့်နှင့် မီးသတ်ယာဉ် ၁၄၉ စီး ပါဝင်ခဲ့ကြောင်း အေဂျင်စီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သဘာဝ တောမီးလောင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ပြည်သူများ၏ ပေါ့ဆမီးနှင့် မြက်များနှင့် လယ်ယာစိုက်ပျိုးရေးအကြွင်းအကျန်များကို တမင်တကာ မီးရှို့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။

မွန်ဂိုလီးယားနိုင်ငံ၏ နေရာအများစုတွင် ခြောက်သွေ့ပြီး လေထန်သော ရာသီဥတုအခြေအနေများကြောင့် ၂၀၂၅ ခုနှစ် နွေဦးရာသီတွင် ရုတ်တရက် တောမီးလောင်မှုအန္တရာယ် မြင့်မားလာနိုင်ကြောင်းနှင့် တောမီးများကို ကြိုတင်ကာကွယ်ရန် ပြည်သူများအား တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ **PJ နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) လက်ဝယ်ရှိနေသူများသည်** အေဂျင်စီ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်) ဖြင့် သော်လည်းကောင်း၊ ခွင့်ပြန်လာသဖြင့် ခွင့်ရက်စေ့ကာ ပြန်လိုခြင်း ကြောင့်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ Online မှတစ်ဆင့် လျှောက်ထားကာ (လူကိုယ်တိုင်လာရောက်ခြင်း မပြုရန်) ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက် ကို ရယူရမည် ဖြစ်ပါသည်-

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရန် လျှောက်ထားသည့်စာ၊

(ခ) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်း စာမျက်နှာ)

(ဂ) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) ရှေ့/နောက် မိတ္တူ၊

(ဃ) ခွင့်ပြန်အလုပ်သမားများဖြစ်ပါက သက်တမ်းရှိနေသည့် အလုပ်လုပ်ခွင့်ပါမစ်မိတ္တူနှင့် အလုပ်ရှင်မှ ခွင့်ဖြင့်နေရပ်သို့ ပြန်ရန် ခွင့်ပြုသည့် ခွင့်စာ၊

(င) အေဂျင်စီများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ Email များသို့ တင်ပြရန်၊

(စ) မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သတ်မှတ်အထောက်အထားများနှင့်အတူ migrantdeparture@gmail.com သို့ ပေးပို့လျှောက်ထားရန်၊

(ဆ) အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရန်။

၂။ ဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီးနောက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့် စာရင်းများကို Safe Migration Telegram Channel တွင် ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ လေဆိပ်များသို့လည်း ပေးပို့ထားမည်ဖြစ်ပါသည်။ ဤအသိပေး ကြေညာချက်ပါ လုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (တနင်္လာနေ့) တွင် စတင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်လိုသူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန် ထွက်ခွာမည့်သူများစာရင်းစိစစ်ခြင်း၊ OWIC ကတ်ထုတ်ပေးသော စက်များ၌ တပ်ဆင်ထားသည့် Software များပြုပြင်ခြင်း၊ OWIC ကတ်ထုတ်ပေးရေးစင်တာများ တစ်နေရာတည်း ပေါင်းစည်းခြင်း၊ အလုပ်ရှင်/ အလုပ်သမား စာချုပ်ချုပ်ဆိုသည့်နေရာများ တစ်စုတစ်စည်းတည်း ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် OWIC ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ OWIC ကတ်အသစ် ပြုလုပ်လိုသူများအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက် (ကြာသပတေးနေ့)မှစ၍ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြထားသည့် အတည်ပြုပြီး အလုပ်ခေါ်စာများ (တင်ပြရက်စွဲ အစဉ်အလိုက်) အရ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများအားလည်းကောင်း၊ မိမိအစီအစဉ် (ကျွမ်းကျင်) ဖြင့် သွားရောက်မည့်သူများအားလည်းကောင်း စိစစ်ပြီး OWIC ကတ် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း OWIC ကတ် ထုတ်ယူရရှိမှသာ လေယာဉ်လက်မှတ်ဝယ်ယူခြင်းကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## "Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End-Term Review of the ASCC Blueprint 2025"

## သင်တန်းကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ဦးစီးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

"Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End- Term Review of the ASCC Blueprint 2025" သင်တန်းကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) Orientation ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုသင်တန်းကို အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ ၂၀၂၅ (ASEAN-China Cooperation Fund (ACCF) ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းဆရာများအဖြစ် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးရှိ ကဏ္ဍအလိုက် တာဝန်ရှိ ကျွမ်းကျင်သူများက လာရောက်ပို့ချပေးမည် ဖြစ်ကြောင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ကြီးမှူးပြီး အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တွင် ပါဝင်သည့် ဆက်စပ်ဝန်ကြီးဌာနများ၏ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံ ၂၀၂၅ ပါ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ၊ အာဆီယံနှင့်စပ်လျဉ်းပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် ကြေညာချက်များ၊ မှတ်တမ်းမှတ်ရာများ၊ အာဆီယံခေါင်းဆောင်များ၏ ထုတ်ပြန်ချက်များပါ နောက်ဆက်တွဲလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ASCC Database များကို စောင့်ကြည့် အကဲဖြတ်ခြင်းနှင့် Update ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်နှင့် လုပ်ငန်းအစုအဖွဲ့များက အချက်အလက်များ၊ စာရင်းဇယားများကို စနစ်တကျထည့်သွင်း ဆောင်ရွက်နိုင်ရေး လက်တွေ့သင်ကြားပေးမည့် အစီအစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End-Term Review of the ASCC Blueprint 2025" သင်တန်း အောင်မြင်စွာလက်ခံ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက (၁၁) နှစ်တာ ကာလအတွင်း ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များကို ကျရာကဏ္ဍတွင် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်အောင် ဖန်တီးဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ထမ်းသက်သာချောင်ချိရေးနှင့် ဝန်ထမ်းများ၏ အခက်အခဲများကို အမြဲစဉ်းစားဖြေရှင်းပေးနေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် ဆက်ဆံရေးကောင်းမွန်ပြီး မိမိတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုပါကြောင်း၊ ကော်မရှင်ဝန်ထမ်းများအနေဖြင့် ကြိုးကြိုးစားစားဖြင့် ညီညွတ်စွာ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မရှင်၏ ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် ဖွင့်လှစ်သည့်သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကော်မရှင်ရုံးဝန်ထမ်းများကို ဆုများချီးမြှင့်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အိမ်ရာ၊ အဆောင်များအလိုက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု၊ သီးပင်၊ စားပင်များ စုပေါင်းစိုက်ပျိုးမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့အတွက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရရှိခဲ့သည့် အိမ်ရာ၊ အဆောင်တာဝန်ခံများကို ဆုချီးမြှင့်သည်။ ယင်းနောက် ဗလာမပါ ကံစမ်းမဲဖောက်ချီးမြှင့်ပေးခြင်းဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ နွေရာသီသင်တန်း ၁၅ မျိုးကို ၉၆ ကြိမ် ဖွင့်လှစ်သင်ကြားမည်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားသင်တန်းသူများသည် ကြိုးစားသင်ယူလေ့ကျင့်ပြီး မိမိတို့ကျောင်း၊မြို့နယ်၊ တိုင်းဒေသကြီးတို့၏ ဂုဏ်ကို မြှင့်တင်နိုင်သည့် လူတော်လူကောင်းများ ဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေရာသီသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပံ့ပိုးငွေကျပ် ၁၅၉၄၃၀၀၀ ပေးအပ်သည်။

ရန်ကုန်တိုင်း ဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပမည့် နွေရာသီ သင်တန်းများတွင် သင်တန်းအမျိုးအစား ၁၅ မျိုး၊ သင်တန်းအကြိမ်ပေါင်း ၉၆ ကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ရမည်းသင်းမြို့ သမိုင်းဝင်ရွှေမြင်တင်တောင် ရွှေစေတီတော်မြတ် (၁၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

**ရမည်းသင်း မတ် ၁၀**

ရမည်းသင်းမြို့နယ်ရှိ သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင် တန်ခိုးကြီး ရွှေစေတီတော်မြတ်ကြီး၏ (၁၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးကုမာရ၊ ခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် ဂေါပကဥက္ကဋ္ဌ ဦးကျော်ဒွေး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။**(အောက်ပုံ)**

ဗုဒ္ဓပူဇနီယပွဲတော်တွင် တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ရွှေစည်အောင် မန္တလေးဇာတ်ပွဲသဘင်၊ နိုင်ငံကျော်အဆိုတော်များဖြင့် ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့ မွန်းလွဲပိုင်းတွင် သံဃာတော်အပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ၂၁၄

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ချောင်းဆုံမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းတိုက်ဆိုင်စိစစ်ခြင်းနှင့် မြေပြင်လူဦးရေစိစစ်အတည်ပြုနိုင်ရေးအတွက် လုပ်ငန်းစဉ်များရှင်းလင်း

**ချောင်းဆုံ မတ် ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စိစစ်ခြင်းနှင့် မြေပြင်လူဦးရေ စိစစ်အတည်ပြုနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ရှင်းလင်းခြင်းအခမ်းအနားကို မတ် ၈ ရက်က ကျွန်းသာယာခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မြေပြင်လူဦးရေစာရင်း ကောက်ယူရာတွင် မှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများမှာ အရေးကြီးကြောင်း၊ မှန်ကန်သော မြေပြင်လူဦးရေစာရင်းရရှိမှသာ ပြည်သူများ၏ နေ့စဉ်လူမှုဘဝဖူလုံမှုရှိစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြေပြင်လူဦးရေစာရင်း စနစ်တကျမှန်ကန်စွာရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးက မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စိစစ်ခြင်းနှင့် မြေပြင်လူဦးရေစိစစ်အတည်ပြုနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးကြသည်။

ချောင်းဆုံမြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်ကျေးရွာအုပ်စု မြေပြင်ကွင်းဆင်းလူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကာ မတ် ၈ ရက်မှ ၃၁ ရက်အထိ ပြန်လည်အတည်ပြုစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ရန်ကုန် မတ် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို မတ် ၉ ရက်က အမှတ်(၁၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ရှိရပ်ကွက်အတွင်း နေထိုင်သူများ၊ အခြားမြို့နယ်များမှ ပြောင်းရွှေ့သူများကို အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှု အခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပန်းခင်း စီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ထားသူ ၇၀ တို့ကို တာဝန်ရှိများက ပေးအပ်ကြသည်။ မြို့နယ်အတွင်း အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ပြုလုပ်ပေးမည်ဖြစ်သည်။

**ကျော်သန်း(ပြန်/ဆက်)**

## သန်လျင်မြို့၌ နွေရာသီအခြေခံ မြန်မာ့သိုင်းသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း(ယခင်) လက်စွမ်းပြကျောင်း၌ ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီနှင့် သန်လျင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံ မြန်မာ့သိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၈ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်က နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရေးနှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ ဖြစ်စေရေးတို့အတွက် အခြေခံ မြန်မာ့သိုင်းသင်တန်း ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက မုဒိတာစကား ပြောကြားကြပြီး သင်တန်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ထို့နောက် နွေရာသီအခြေခံ မြန်မာ့သိုင်းသင်တန်းမှ သင်တန်းနည်းပြဆရာနှင့် သင်တန်းသားသင်တန်းသူများက မြန်မာ့သိုင်းပညာဖြင့် လက်တွေ့စွမ်းရည်များ ပြသခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနေစဉ်ကာလအတွင်း YBS ယာဉ်အစီးရေများ တိုးမြှင့်ပြေးဆွဲပေးသွားမည်

**တာမွေ မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြေးဆွဲနေသော YBS ခရီးသည်တင် ယာဉ်လိုင်းများမှ ယာဉ်များအား ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ကျင်းပနေစဉ်ကာလအတွင်း ယာဉ်အစီးရေများ တိုးမြှင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

"၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်ကနေ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမယ့် စာမေးပွဲဖြေဆိုမယ့် အချိန်မတိုင်ခင်မှာ YBS ယာဉ်များကို အစီးရေများများနဲ့ ခပ်စိပ်စိပ် ပြေးဆွဲပေးဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ CNG ကိုလည်း တန်းစီတဲ့အချိန် မကြာအောင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနဲ့ ညှိနှိုင်းထားတာရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျော့မန်က ပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ကျင်းပနေစဉ်ကာလ အတွင်း ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေး အတွက် YBS ခရီးသည်တင် ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲစေရေး၊ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု မရှိစေရေးအတွက် YRTC စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအဖွဲ့ ၁၀ ဖွဲ့နှင့် မှတ်တိုင် ၁၀ ခုတို့တွင် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် စစ်ဆေးရေးဝန်ထမ်းနှစ်ဦးစီ ပါဝင်သည့် ခရိုင်သုံးခရိုင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးလုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်စာမေးပွဲမတိုင်မီကာလနှင့် စာမေးပွဲဖြေဆိုသည့်ကာလအတွင်း ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများသို့ သွားလာမှုအဆင်ပြေစေရေးအတွက် YBS ယာဉ်လိုင်းများမှ နေ့စဉ်ထွက်ရှိသော ယာဉ်အစီးရေများ တိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



နိုင်လင်းအောင်(ပြန်/ဆက်)



# ငပုတောမြို့နယ်၌ မြန်မာ့သနပ်ခါးနေ့ လှူပ်ရှားမှု အခမ်းအနားကျင်းပ

**ငပုတော မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုအခမ်းအနားကို မတ် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးသန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်တစ်ဦးက မြန်မာ့သနပ်ခါးယဉ်ကျေးမှုအကြောင်း၊ သနပ်ခါး၏ ဆေးဖက်ဝင်ပုံနှင့် အသုံးဝင်ပုံအကြောင်း၊ မြန်မာ့သနပ်ခါးချစ်မြတ်နိုးမှု အကြောင်းတို့ကို အသိပညာပေးပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးက မြန်မာ့သနပ်ခါးအကြောင်း ဆွေးနွေးပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများက မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုအနေဖြင့် မြန်မာ့သနပ်ခါးသွေးခြင်း၊ လိမ်းခြယ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြိတ်မြို့နယ် ကန်သာယာ-တောင်ကြီးလမ်း ကွန်ကရစ်ခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မြိတ် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာရွာနှင့် တောင်ကြီးရွာကို ဆက်သွယ်ထားသည့်လမ်းကို ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကန်သာယာ - တောင်ကြီးလမ်း (၁/၄) မိုင်ရှိသည့်အနက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မူလကျောက်လမ်း ပျက်စီးနေသည့် အပိုင်း ၄ ဒသမ ၅ ဖာလုံလမ်းအပိုင်းအား မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကွန်ကရစ်လမ်း အကျယ် ၁၂ ပေ၊ ကွန်ကရစ် ထုခုနစ်လက်မလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးပြည်မှူးနှင့် အဖွဲ့ဝင်များ မတ် ၇ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ခိုင်ထူး(ပြန်/ဆက်)



# အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချ

**အင်္ဂပူ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မတ် ၆ ရက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေး လိုင်စင်များ ပထမအကြိမ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းအခမ်းအနား ပြုလုပ်သည်။

ဦးစွာ လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်းက အမှာစကား ပြောကြားပြီး လေလံရောင်းချရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်က လေလံစည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကူးတို့၊ ဈေးနေ့ကောက်၊ စက်ဘီးအပ် စသည့်လိုင်စင်များကို ပထမအကြိမ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် စက်မှုဇုန် (၃+၄)တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပွဲအခမ်းအနားကို မတ် ၆ ရက်က ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ဒုတိယဥပဒေအရာရှိ ဒေါ်ဇင်စုစုဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ ဇင်မင်းထိုက်(ပြန်/ဆက်)





လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး၌ မတ် ၅ ရက်က ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှင်းလင်းဟောပြောပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြစဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို မတ် ၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဝါသီးနှံအလိုက် အဆင့်ခွဲခြားသတ်မှတ်ဝယ်ယူနိုင်ရေး ဆွေးနွေး

**ပျော်ဘွယ် မတ် ၁၀**


မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် အဓိကသီးနှံဖြစ်သည့် ဝါသီးနှံကို စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထွက်ရှိလာသည့် ဝါသီးနှံများအပေါ် အဆင့်ခွဲခြားသတ်မှတ်ဝယ်ယူနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၆ ရက်က ချောင်းမကြီး ဝါသီးနှံမျိုးသန့်ခြံ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး၊ ဝါသီးနှံစိုက်ပျိုးရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးပြီး ဝါသီးနှံမျိုးသန့်ခြံတာဝန်ခံ ဦးထိန်လင်းက ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အဆင့်ခွဲခြားသတ်မှတ်ဝယ်ယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ **မောင်မွေး**

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ





၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စခန်း ၁၄ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၄ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ


| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ပူတာအို | ၆.၈ |
| ၂ | တောင်ကြီး | ၇.၁ |
| ၃ | မိုင်းဆတ် | ၇.၂ |
| ၄ | ကျိုင်းတုံ | ၆.၇ |
| ၅ | ပျဉ်းမနား | ၆.၈ |
| ၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၈ |
| ၇ | ပဲခူး | ၇.၁ |
| ၈ | ပုသိမ် | ၇.၂ |
| ၉ | ဟသ်ာတ | ၆.၆ |
| ၁၀ | ဘားအံ | ၇.၀ |
| ၁၁ | ကော့ကရိတ် | ၆.၆ |
| ၁၂ | ထားဝယ် | ၆.၉ |
| ၁၃ | မြိတ် | ၇.၀ |
| ၁၄ | ကော့သောင်း | ၆.၅ |

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန် (ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ၊ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှ စ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေး အညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဖေဖော်ဝါရီလ ၁၁၊ ၂၀၊ ၂၅၊ ၂၆၊ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၁၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၆ ရက်နေ့နှင့် ၁၉ ရက်နေ့တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) နှင့် ကျန်ရက်များသည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန် (ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဖေဖော်ဝါရီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၆ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၉ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ကြံခင်းမြို့နယ်၌ ငရုတ်သီးနှံများထွက်ပေါ်ပြီး ဈေးကောင်းရ၍ အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်၍ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို မြေသြဇာကောင်းမွန်သည့် နုန်းမြေများတွင် စိုက်ဧက ၄၈၃ ဧကခန့် စိုက်ပျိုးထားရှိကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် ငရုတ်သီးနှံများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ငရုတ်သီးကို အောက်တိုဘာလတွင် စိုက်ပျိုးပြီး လေးလခန့် အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၃၀-၄၅ ရက်သား အရွယ်တွင် ပင်ခြား တစ်ပေခွဲ၊ တန်းခြား သုံးပေခြား၍ မြေချစိုက်ပျိုးရပြီး ကျောက်စိမ်းငရုတ်မျိုး၊ ဇီစွယ်(အောက်ဆွဲ) ငရုတ်မျိုးနှင့် မိုးကုတ်ငရုတ်မျိုးများကို အဓိကစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးကို တစ်ပတ်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် ငရုတ်သီး (အစို) ပိဿာချိန် ၁၂၀၀ - ၁၅၀၀ ကျော်ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ရောင်းချမှုအပြင် ပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူ၍ ပွဲစားများမှတစ်ဆင့် ရန်ကုန်နှင့် ပုသိမ်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ငရုတ်သီးဈေးနှုန်း ကောင်းမွန်သည့်အတွက်တောင်သူများ အမြတ်ရရှိကြောင်း သိရသည်။

**DOCA (ဧရာဝတီ)**



# မြင်းခြံမြို့နယ်၌ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် အဆင်ပြေ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းသီးနှံများကိုလည်း ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် နိုင်ငံခြားမျိုး ပြောင်းစီးမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့သုံးထုပ်ခန့်ဖြင့် ထွန်ကြောင်းဆွဲအစေ့ချ၍ ရေသွင်းစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ ရေသွင်းခ၊ မြေပြုပြင်ခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကာ တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၅၀၀၀-၆၀၀၀ ခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံ အောင်မြင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ ပွဲစားများမှ စိုက်ခင်းသို့ လာရောက်၍ အခင်းပြတ်ဝယ်ယူမှုများ ရှိသကဲ့သို့ ပွဲစားအဝယ်မရှိသည့် တောင်သူများအနေဖြင့် မြင်းခြံမြို့ပေါ်သို့ တင်ပို့ရောင်းချကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA(မန္တလေး)**

# အင်္ဂပူမြို့နယ်၌ ပဲလွမ်းသီးနှံ စိုက်ပျိုးမှုမှ အကျိုးအမြတ်ရရှိ

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲလွမ်းသီးနှံများကိုလည်း မြို့နယ်အတွင်း ၈၉၇၈ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရပြီး ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲလွမ်းသီးနှံကို အောက်တိုဘာလတွင် စိုက်ပျိုးပြီး သုံးလကျော်ခန့် အကြာတွင် ခူးဆွတ်ရကြောင်း၊ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် ပဲလွမ်းအဖြူမျိုးများကို စိုက်ပျိုးကြကြောင်း၊ မြေပြုပြင်ခ၊ မျိုး၊ သွင်းအားစု၊ ခူးဆွတ်ခြွေလှေ့ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ကိုးသိန်းခန့်ကုန်ကျပြီး ပျမ်းမျှတင်း ၂၀ ခန့်ထွက်ရှိကြောင်း၊



ဈေးကွက်အနေဖြင့် အင်္ဂပူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကာ တောင်သူများ အကျိုးအမြတ် ရရှိကြကြောင်း သိရသည်။

**DOCA (အင်္ဂပူ)**



# ဓနုဖြူမြို့နယ်၌ ပုံလုံသီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပုံလုံသီးကို စီးပွားဖြစ် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပုံလုံသီးကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ခူးဆွတ်ရကြောင်း၊ ဘောင်ခတ်၍ ပင်ခြားတစ်ပေ၊ တန်းခြား ငါးပေအကွာ စင်တင်စနစ်ဖြင့် ဗမာမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခနှင့် သယ်ယူစရိတ်အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ပတ်တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်း အတောင့်ရေ ၆၅၀၀ မှ ၇၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကာ တောင်သူများ အကျိုးအမြတ် ရရှိကြောင်း သိရသည်။

**DOCA (ဧရာဝတီ)**

## ၁၀-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | – | ၁၈၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၅၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | | | ၃၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၆၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၁၉၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၆၅၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၉၅၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၂၆၀၀၀ | ၃၃၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၁၅၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၇၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | – | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၂၅ | ၁၇၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၁၅ | ၁၂၀၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၈၀၀ | ၄၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၆၀၅ | ၁၆၀၀၀ | ၃၀၀၀ | ၁၃၂၀၀ | ၁၆၄၀၀ | ၉၂၀၀ | ၃၂၀၀ | ၇၀၀ | ၉၀၀၀ | ၅၈၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၄၀၀ | ၁၇၆၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၆၀၅ | ၁၆၂၀၀ | ၃၄၀၀ | ၁၃၆၀၀ | ၁၆၈၀၀ | ၁၀၀၀၀ | ၃၆၀၀ | ၇၀၀ | ၉၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးမင်းလမ်း၊ မြေကွက်အမှတ် (၁၆၁၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါက်တာနွဲ့နွဲ့ဦး (၁၂/လမန (နိုင်) ၀၇၈၀၉၄) (ISN- ၅၃၉၂၁၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်မိုး (၁၂/တမန (နိုင်) ၀၅၃၀၅၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၂ယ/၇၅၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်) ၂၄၇၂၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 56W/38004 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးအောင် ၇/သဝတ(နိုင်)၀၂၀၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့

**မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် နှစ်(၈၀)ပြည့် "တပ်မတော်နေ့"ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၄-၃-၂၀၂၅)ရက် (သောကြာနေ့)ညတွင် တပ်မတော်ဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ "ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၄-၃-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ်(၂) ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ရွှေကျီးလေးသာသောတစ်နေ့ | ဌာနအဆိုရှင် |
| ၂။ | စစ်သားလဲလွမ်းနေရတယ် | ဌာနအဆိုရှင် |
| ၃။ | ရှေ့တန်းပြန်ချစ်သူ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်ယူကာလွမ်းတော့ချစ်သူရေ | ပြင်ပအဆိုရှင် |
| ၅။ | မြန်မာ့သားကောင်းများသို့ | ပြင်ပအဆိုရှင် |
| ၆။ | ပြည်သူ့အတွက်တပ်မတော် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | တို့ရည်မှန်းချက် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ | ပြင်ပအဆိုရှင် |
| ၉။ | အောင်ပန်းဆင်ခဲ့စစ်ပွဲတစ်ရာ | ပြင်ပအဆိုရှင် |
| ၁၀။ | ရေဆန်လမ်း | ပြင်ပအဆိုရှင် |

## MFF ယူ-၁၉ လူငယ်လိဂ်အတွက် ခြေစစ်ပွဲကျင်းပပြီး လေးသင်းခြေစစ်ပွဲအောင်မြင်

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီက စီစဉ်ကျင်းပသည့် MFF ယူ-၁၉ လူငယ်လိဂ် ပြိုင်ပွဲအတွက် ခြေစစ်ပွဲကို မတ် ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိMFFဖူဆယ်အားကစားရုံ၌ကျင်းပရာ လေးသင်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ခြေစစ်ပွဲတွင် SGFအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက Maryar အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ရှုံးပွဲကြုံတွေ့သည့် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Maryar အသင်းတို့ ပြန်လည်ကစားရာ ရွှေပြည်သာယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်သည်။ ယင်းပွဲတွင် အရေးနိမ့်ခဲ့သည့် Maryar အသင်းသည် Gold Dream အသင်းနှင့် ခြေစစ်ပွဲအောင်မြင်ခွင့် လက်ကျန်တစ်နေရာအတွက် အဆုံးအဖြတ်ပွဲကစားရာ Maryar အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ထို့ကြောင့် တစ်ရက်တည်း အပြီးကျင်းပသည့် ခြေစစ်ပွဲအပြီးတွင် SGF အသင်း၊ Pacific Sun Far အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Maryar အသင်းတို့ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ပထမဆုံးကျင်းပမည့် MFF ယူ-၁၉ လိဂ်ပြိုင်ပွဲကို အသင်း စုစုပေါင်း ၁၂သင်းဖြင့် ကျင်းပမည်ဖြစ်သော်လည်း စာရင်းပေးသွင်းထားသည့် အသင်း ၁၃ သင်းရှိနေသောကြောင့် လိဂ်-၂ ကလပ်အသင်းများမှ လူငယ်အသင်းများနှင့် နောက်ကျမှ စာရင်းပေးသွင်းသည့် အသင်းငါးသင်းကို ခြေစစ်ပွဲကစားစေကာ လေးသင်းအောင်မြင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် စတင်ကျင်းပမည့် MFF ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲနှင့် ယူ-၁၆ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်းကို မတ် ၁၁ ရက်(**ယနေ့**) ပြုလုပ်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာအားကစားမြင်ကွင်း



### အင်ဒီးယန်းဝဲလ်စ်အိုးပင်း ၃၂ ဦးအဆင့်တွင် ရှိုင်ဘာကီနာက ဘော်လ်တာကို အနိုင်ရ

အင်ဒီးယန်းဝဲလ်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာက ဗြိတိန်နာမည်ကျော် တင်းနစ်မယ် ကေတီဘော်လ်တာကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ဘော်လ်တာကို ၆-၀၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရှိုင်ဘာကီနာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဒူးဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။ သို့သော် ပြိုင်ဘက်ရုရှားတင်းနစ်မယ် မေရာအန်ဒရေဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ရသည်။

ရှိုင်ဘာကီနာသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အဆိုပါ ရုရှားတင်းနစ်မယ် မေရာအန်ဒရေဗာနှင့်ပင် ဆုံတွေ့နေသည်။ ထို့ကြောင့် ရှိုင်ဘာကီနာအနေဖြင့် ယခုအကြိမ်ဆုံတွေ့မှုတွင် အဆိုပါ ရှုံးနိမ့်မှုကို ချေဖျက်သွားနိုင်မလား သို့မဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခွာရမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

### စီးရီးအေ ပွဲစဉ် (၂၈) တွင် အတ္တလန်တာက နာမည်ကြီး ဂျူဗင်တပ်စ်ကို ဂိုးပြတ်အနိုင်ရ

အီတလီစီးရီးအေပွဲစဉ် (၂၈) မှ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး ဂျူဗင်တပ်စ်နှင့် အတ္တလန်တာအသင်းပွဲစဉ်ကို မတ် ၁၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ အတ္တလန်တာအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ပြိုင်ဘက်အတ္တလန်တာအသင်း၏ ဖိအားပေး ကစားမှုကြောင့် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။

အတ္တလန်တာ အသင်းသည် ဂျူဗင်တပ်စ် အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးခုနစ်ကြိမ်အထိ ဖန်တီးနိုင်ခဲ့သည်။ ထို့ပြင် အတ္တလန်တာအသင်းသည် ယခုပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် ယခုနှစ်ရာသီ စီးရီးအေတွင် တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရပ်တည်နေသည့် အင်တာမီလန်အသင်း၏ ၆၃ ဂိုးကို လိုက်မီခဲ့သည်။ စီးရီးအေ နိုင်ပွဲရရှိမှုမှာလည်း ၁၇ ပွဲအထိ ရှိလာခဲ့သည်။

အတ္တလန်တာအသင်းအတွက် သွင်းဂိုးများကို ရီတီဂေး၊ ဒီရွန်၊ ဇက်ပါကော့စတာနှင့် လွတ်ခ်မန်းတို့က သွင်းယူပေးခဲ့ကြသည်။



### နာမည်ကြီး ရီးရဲမက်ဒရစ်က ဗယ်လက်ကာနိုကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

လာလီဂါပွဲစဉ် (၂၇) မှ မတ် ၉ ရက် ည ၉ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဗယ်လက်ကာနိုအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေနှင့် ဗင်နီစီးယပ်စ်တို့က သွင်းယူပေးခဲ့သည်။ ဗယ်လက်ကာနိုအသင်းအတွက် သွင်းဂိုးကို ဒီယက်ဇ်က သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် ဦးဆောင်သူ ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၅၇ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၂) တွင် ရပ်တည်နေသည်။

### နောက်ဆုံးရအားကစားသတင်းတိုများ

- ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် နွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် လေဗာကူဆင်ကစားသမား ဝစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဂျာမန်ကွင်းလယ်ကစားသမား ကင်းမစ်ရှ် (၃၀နှစ်) သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၂၉ ခုနှစ်အထိရှိမည့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိနေသည်။
- ဗြိတိန်နာမည်ကျော်တင်းနစ်ကစားသမား နော်ရီသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ပေါလ်ကို ရှုံးနိမ့်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်

## မင်္ဂလာညစာစားပွဲ ကျင်းပပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)(ဥက္ကဋ္ဌ-မြန်မာနိုင်ငံစာရေးဆရာအသင်း)-ဒေါ်ခင်အေးမူတို့၏ သားထွေး၊ ဒေါက်တာ မြတ်သူရမောင်-ဒေါက်တာမြတ်ဆုမွန်၊ ကိုကျော်ဇေယျ-ဒေါက်တာမြတ်သီရိမောင်တို့၏ ညီ/မောင်

**မောင်မြတ်သီဟမောင် B.A(English)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်သန်းမောင်(ငြိမ်း)-ဒေါ်နှင်းနှင်းအေးတို့၏ သမီးကြီး၊ ဗိုလ်ကြီးမေစံပယ်ခိုင်(ရေတပ်လေ့ကျင့်ရေးဌာနချုပ်) B.A(English)၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရန်အောင်ငြိမ်း LL.B,LL.M(2nd Year)တို့၏ အစ်မ

**မမေသဇင်သန်းမောင် B.A(English)**

တို့၏ မင်္ဂလာညစာစားပွဲကို ၈-၃-၂၀၂၅ (စနေနေ့)တွင် ရန်ကုန်မြို့ Sky Star Hotel ၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

---

## ကျေးဇူးတင်လွှာ

